မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၉၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်

နိုင်ငံတော် အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်အဖြစ် ခိုင်ခိုင်မာမာ ချမှတ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးအခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဧကာဒသမအကြိမ် နှစ်ပတ်လည် အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ၂၀၀၉-၂၀၁၀ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားပြီး မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ၂၀၀၉-၂၀၁၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ *စာမျက်နှာ ၅ ကော်လံ ၃* ■

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုသတင်းဆောင်းပါး

ပြည်ထောင်စုတစ်ဝန်း ရေအရင်းအမြစ်များ ဖူလုံပိုလျှံစွာ ဖော်ထုတ်အသုံးချနိုင်ရေး နိုင်ငံအနှံ့ ဆည်မြောင်းတမံများ စုဖွဲ့ဖြည့်ဆည်း တည်ဆောက်ပေးထား

မြန်မာ့လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ရောင်ခြည်သစ်များပေါ်ထွန်းခဲ့ပြီ

နေပြည်တော် ဇန်နဝါရီ ၂

အတိတ်ကိုဆောင်ရသော် ဘုန်းလက်ရုံးနှင့်ပြည့်စုံ၍ အမြော်အမြင်ကြီးမားသော ရှေးမင်းအဆက်ဆက်တို့သည် ပြည့်ဝမ်းစာ၊ ပြည့်ရိက္ခာ ဖူလုံပိုလျှံရေးအတွက် ဆည်မြောင်း၊ ကန်ချောင်းများ တူးဖော်ပြီး စိုက်ပျိုးခဲ့ရာ ပထမမြန်မာနိုင်ငံတော် ပုဂံ၏ စပါးကျီအဖြစ် ဇော်ဂျီ၊ ပန်းလောင်၊ စမုံနှင့် ဒုဋ္ဌဝတီတို့ကို ဆည်ဖို့စိုက်ပျိုးခဲ့သည့် ကျောက်ဆည် လယ်တွင်းကိုးခရိုင်သည် အထင်အရှား ရှိခဲ့ပြီးဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

သတင်းဆောင်းပါး-ဇော်မိုးသောက်
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

စစ်ကိုင်းတိုင်း ပုလဲမြို့နယ်အတွင်းရှိ လယ်ယာမြေများ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် အကျိုးပြုလျက်ရှိသည့် ကန့်ဒေါင့်ရေလှောင်တမံကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-(မြန်မာ့အလင်း)

3-1 (01).pmd 1 1/3/2010, 1:45 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ ရက်)

ပြည်သူများအတွင်း အကျိုးပြုစာပေများစိမ့်ဝင်ပျံ့နှံ့အောင် ကြိုးပမ်းစွမ်းဆောင်

နှစ်ပေါင်းထောင်ချီရှည်ကြာခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက် စာပေပညာရှင်များအပါအဝင် တိုင်းကျိုးဂုဏ်ဆောင် မျိုးချစ်ပုဂ္ဂိုလ်များသည် အမျိုးသားယဉ်ကျေးမှု အနုပညာအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ခဲ့သည်။

မျက်မှောက်ခေတ် စာပေပညာရှင်များ၊ စာပေလောကသားများသည် အမျိုးသားရေးအမွေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရမည် ဖြစ်သည်။ ပြည်သူလူထုအတွင်း မှန်ကန်သည့် ကိုယ်ကျင့် သိက္ခာဆိုင်ရာ အတွေးအမြင်များခံယူကျင့်သုံးရေး၊ အချင်းချင်း ရိုင်းပင်းညီညွတ်ပြီး ပြည်ထောင်စုစိတ်ဓာတ်များ ထိန်းသိမ်းတည်ဆောက်ရေး၊ ဂုဏ်ယူဖွယ်ရာအမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် အသိပညာ၊ နည်းပညာစွမ်းအားများ မြင့်မားတိုးတက်ရေးတို့ကို စာပေစွမ်းပကားဖြင့် လှုံ့ဆော်အားပေး ရေးသားသွားကြရမည် ဖြစ်သည်။

စာပေပညာရှင်များ၊ စာပေလောကသားများသည် ကလောင်လက်နက်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းစွမ်းဆောင်ကြရမည်ဖြစ်ပြီး နယ်ချဲ့လက်သစ်များကို ကလောင်စွမ်းအားဖြင့် တိုက်ဖျက်သွားကြရန် ဖြစ်သည်။

ယနေ့ကာလ၌ နယ်ချဲ့လက်သစ်တို့သည် ဖွံ့ဖြိုးလာသော မီဒီယာကဏ္ဍကို အသုံးပြု၍ သရုပ်ပျက်ယဉ်ကျေးမှုများ၊ မဟုတ်မမှန်လုပ်ကြံဇာတ်လမ်းများဖြင့် ထုတ်လွှင့်ထိုးဖောက်ကာ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်လျက်ရှိကြရာ စာပေလောကသားများက ထိရောက်ပြတ်သားစွာ တုံ့ပြန်တိုက်ဖျက်သွားကြရမည် ဖြစ်သည်။

ထို့ပြင် စာပေလောကသားများသည် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုစာပေများ ထွန်းကားပြန့်ပွားလာစေရေး၊ စာပေကလောင်ရှင်သစ်များ ထွက်ပေါ်လာစေရန် အထောက်အကူပြုရေး၊ စာအုပ်စာတမ်းအဖြစ် မှတ်တမ်းတင်ထိန်းသိမ်းထားရမည့် မြန်မာ့မူဟန်အကြောင်းအရာများ၊ ခေတ်မီဆန်းသစ်သည့် အတွေးအမြင် ဗဟုသုတနှင့် ခေတ်မီနည်းပညာရပ်များ ပေါ်ထွက်လာစေရေးအတွက်လည်း ကြိုးပမ်းဖော်ဆောင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ စာပေလောကသားများအားလုံးသည် နယ်ချဲ့လက်သစ်များကို တိုက်ဖျက်ချေမှုန်းရင်း ပြည်သူ့အကျိုးပြုစာပေများ ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့ရေးအတွက် သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်
စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုး ရောင်းချမည်

နေပြည်တော် ဇန်နဝါရီ ၂

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် **(အောက်ပုံ)** ငွေကျပ် ၁၀၀တန်နှင့် ငွေကျပ် ၂၀၀တန် နှစ်မျိုးကို ဇန်နဝါရီ ၄ရက် (တနင်္လာနေ့) နံနက် ၉နာရီခွဲမှ စတင်၍ ပြည်နယ်တိုင်း၊ ခရိုင်နှင့် မြို့နယ်ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ ရောင်းချမည် ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဇန်နဝါရီ ၄ရက် (တနင်္လာနေ့)၌ ဝယ်ယူသော စာပို့ တံဆိပ်ခေါင်းများပေါ်၌ တံဆိပ်ခေါင်းဖျက် အထူးအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြို့ပင်ကောက်မြို့ ကျောင်းသား ကျောင်းသူဟောင်းများ မြို့နယ်လုံးကျွတ် အာစရိယပူဇော်ပွဲကျင်းပ

ကြို့ပင်ကောက် ဇန်နဝါရီ ၂

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ကျောင်းသား ကျောင်းသူများ၏ (၁၂)ကြိမ်မြောက် မြို့နယ်လုံးကျွတ် အငြိမ်းစား ဆရာကြီး ဆရာမကြီးများ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၈နာရီခွဲက အထက ရွှေညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထကမှ ဒေါ်ခင်အေးသန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အာစရိယပူဇော်ပွဲအခမ်းအနားအဖွင့် (တပည့်ထံမှ အဖြည့်ခံရတုစာလွှာ)ကို ဆရာဦးမင်းဇော်၊ ဒေါ်အေးအေးမြိုင်၊ ဆရာဦးအောင်ဝင်းတို့က သီဆိုကြပြီး ကျောင်းသားဟောင်းများဖြစ်ကြသော ကြို့ပင်ကောက်မြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့် (သီရိစန္ဒာကုမ္ပဏီ)၊ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်း (ကျင်းပရေးကော်မတီဥက္ကဋ္ဌ)၊ ဦးတင်ဦး (ဖိုးကံကောင်းပွဲရုံ) ဒုတိယဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်အမှာစကား အသီးသီးပြောကြားသည်။ ကန်တော့ချိုးကို ဆရာဦးစန်းဝင်းက ရွတ်ဆိုကာ ကျောင်းသား ကျောင်းသူဟောင်းများက တညီတညွတ်တည်း လက်အုပ်ချီကန်တော့ကြပြီး အငြိမ်းစားဆရာကြီးဖြစ်သော ဦးရွှေဝိုင်း၊ ဆရာကြီး ဦးထွန်း၊ ဆရာကြီး ဦးတင်ဝင်း၊ ဆရာမကြီး ဒေါ်ရင်သီ၊ ဆရာမကြီး ဒေါ်ခင်နွယ်တင့်တို့က ဆုပေးဩဝါဒစကားပြောကြားကာ အသက် ၆၀နှင့် အထက် ၂၀၅ဦးတို့အား ငွေကျပ် ၁၅၀၀၀စီ၊ အသက် ၈၀နှင့်အထက် ၂၅ဦးအတွက် ငွေကျပ် ၃၀၀၀၀စီနှင့် ရပ်ဝေးခရီး ဆရာကြီးများအတွက် ခရီးစရိတ်ငွေကျပ် ၄၀၀၀၀၀ အပါအဝင်ထောက်ပံ့ပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)** (၁၈၁)

နေပြည်တော်တပ်ကုန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

နေပြည်တော်တပ်ကုန်း မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ် တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၈ရက် မွန်းလွဲ ၁နာရီက နေပြည်တော်တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှ (ရွှေသင်းယုလွင်)က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့၏ ငွေစာရင်းရှင်းတမ်းကို ဦးမောင်မောင်ကြီး (ရွှေမြို့-ပေတိုး)က လည်းကောင်း၊ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးမောင်ပု (ဘဏ်လင်း နေပြည်တော်တပ်ကုန်း)က လည်းကောင်း ဖတ်ကြားသည်။ သဘာပတိက ယင်းဖတ်ကြားသွားသော အစီရင်ခံစာများကို အဖွဲ့ဝင်များထံမှ အတည်ပြုချက်ရယူသည်။

ကတိသစ္စာပြု

ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ အမှုဆောင်ဟောင်းများက နုတ်ထွက်၍ အမှုဆောင်သစ်များအား ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဦးမောင်သန်း(မောင်သက်နှင်း မ/၃)၊ အတွင်းရေးမှူး ဦးသိန်းဝင်းမြင့် (မြကျောက်အေးချမ်း)၊ ဘဏ္ဍာရေးမှူး ဒေါ်သင်းသင်းလှိုင် (သင်းသင်းလှိုင် နေပြည်တော်တပ်ကုန်း)၊ အဖွဲ့ဝင် ဦးမောင်မောင်ကြီး (ရွှေမြို့-ပေတိုး)နှင့် ဦးမျိုးမြင့် (မျိုးမြင့်-မြန်မာစာ)တို့ဖြစ်ပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း (ဗဟို) ညီလာခံ ကိုယ်စားလှယ်အဖြစ် အဖွဲ့ဥက္ကဋ္ဌ ဦးမောင်သန်း (မောင်သက်နှင်း မ/၃) တို့အား အများသဘောတူ ရွေးချယ်တင်မြှောက်ကြသည်။ အမှုဆောင်သစ်များသည် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။ **(ဝဲပုံ)** (၀၉၁)

ကလေးပန်းချီ ဆေးရောင်ခြယ်ပြိုင်ပွဲ စာနယ်ဇင်းရှင်း

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ကူညီပါဝင်မှုဖြင့် DIAMOND CITY HYPER MART နှစ်ပတ်လည်အထိမ်းအမှတ် ကလေးပန်းချီ ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပရန်အတွက် စာနယ်ဇင်းရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၉ရက် မွန်းလွဲ ၁နာရီက မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးသန့်စင် (ခ) ပန်းချီလှတင်ထွန်း၊ အတွင်းရေးမှူး ဦးကြည်ဝင်းနှင့်အဖွဲ့ဝင်များ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်သန်း၊ DIAMOND CITY HYPER MART မှ မန်နေဂျာ ဦးစန်းမြင့်လွင်နှင့် အဖွဲ့ဝင်များ၊ Co. Sponsor များဖြစ်သော BABI MILD (BABY PRODUCTS) မန်နေဂျာ ဒေါက်တာဒေါ်စီစီ၊ KHOLON LISHAW (PAPER PRODUCTS) မန်နေဂျာ ဦးနိုင်ဝင်းထွန်းနှင့် စာနယ်ဇင်း ဆရာဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရိုးရာပန်းပညာရှင် အစည်းအရုံးဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး DIAMOND CITY HYPER MART မှ စီမံရေးရာ မန်နေဂျာ ဦးစန်းမြင့်လွင်က ပြိုင်ပွဲ ကျင်းပမည့် အစီအစဉ်များ ရှင်းလင်းတင်ပြသည်။

စုံစမ်းနိုင်

ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်ကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဖုန်း-၀၉-၅၀-၄၃၀၈၂ နှင့် ရုံးအဖွဲ့မှူး ဖုန်း-၃၈၅၂၅၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ရိုးရာပန်းပညာရှင်)**

ဒီဇင်ဘာ ၂၃ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့မဈေးရှေ့ အုတ်ရေမြောင်းဖော်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်မှုကို တာဝန်ခံ အင်ဂျင်နီယာ ဦးဇေယျာမင်း၊ အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ရထားလမ်းပိုင်းဖွင့်ပွဲ မှတ်တမ်းစာတန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❍ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ရထားပို့ဆောင် ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးက အမှာစကားပြောကြားရာတွင် ရထား ပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသည်နှင့် ကုန်စည်လုပ်ငန်းများကို အချိန်တိုအတွင်း များများသယ်ယူပို့ဆောင်နိုင်သော လုပ်ငန်း ဖြစ်သည့်အပြင် အချိန်မှန်ကန်မှု၊ သက် သောင့်သက်သာရှိမှု၊ စရိတ်စကသက်သာမှု တို့ကြောင့် ပြည်သူအများ ယုံကြည်အားထား ရာ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းတစ်ခု လည်းဖြစ်၍ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ရထားလမ်းများကို နိုင်ငံအတွင်း ကွန်ရက် သဖွယ် တိုင်းနှင့်ပြည်နယ်အနှံ့ ဆက်စပ် ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ တပ်မတော် အစိုးရ တာဝန်ယူခဲ့သည့် ကာလအတွင်း ရှိပြီး ရထားလမ်းများကို အဆင့်မြှင့်တင် ပေးပြီး ရထားလမ်းသစ်များကို ဖောက်လုပ် ပေးခဲ့ကြောင်း၊ ပုသိမ်-ဟသ်ာတ- ကြံခင်း လမ်းကို ပခုက္ကူအထိ အသစ်ဖောက်လုပ် နေဆဲဖြစ်ကြောင်း၊ ပုသိမ်-အိမ်မဲ-ညောင် တုန်း-လှိုင်သာယာ ရထားလမ်းကိုလည်း ဧရာဝတီမြစ်ကူး တံတားအသစ်တစ်စင်းနှင့် အတူ ဖောက်လုပ်ရန် ဆောင်ရွက်နေပြီဖြစ် ကြောင်း၊ ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ် မည့် ပြည်-တောင်ငူ ရထားလမ်း၊ ပုသိမ်- ပခုက္ကူရထားလမ်းဖြင့် နေပြည်တော်အထိ သွားလာနိုင်ရန် မလွန်-ပထနကို-သစ်ရာ ကောက် ရထားလမ်း၊ စစ်တွေ-အမ်း- မင်းဘူးရထားလမ်း၊ ကသာ-ဗန်းမော် ရထားလမ်း၊ မိုးနဲ-ကျိုင်းတုံရထားလမ်း၊ ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း၊ ထားဝယ်-မြိတ်ရထားလမ်း စုစုပေါင်း မိုင် ၁၂၀၀ကျော်ကို ဖောက်လုပ်ရန် စီမံ ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၈၈ ခုနှစ် တွင် မုံရွာမြို့နေ လူဦးရေမှာ တစ်သိန်း ကျော်ခန့် ၁၁၄၆၀၈ဦးသာရှိပြီး ယနေ့ မုံရွာမြို့နေ လူဦးရေမှာ နှစ်သိန်းခွဲကျော် ၂၅၀၈၅၂ဦးအထိ တိုးပွားများပြားလာ သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုးပွား များပြားလာသည်နှင့်အမျှ မြို့တွင်း ယာဉ်သွားလာမှု ပြည့်ကျပ်လာခြင်းကို ထိန်းချုပ်နိုင်ရန်နှင့် ယာဉ်စီးခသက်သာမှု ရှိသည့်အပြင် လုံခြုံမှုရှိသော ရထားဖြင့် ခရီးသွားလာနိုင်စေရန်အတွက် မြို့ပတ် ရထားလမ်းဖောက်လုပ်ရန် စီမံခဲ့ခြင်းဖြစ် ကြောင်း၊ မုံရွာမြို့ပေါ်နှင့် ဆက်စပ်ကျေးရွာ များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အပြင် နည်းပညာတက္ကသိုလ် (မုံရွာ)မှာ ကျောင်း သား ကျောင်းသူများ သွားလာရေး အဆင် ပြေစေရေး၊ မုံရွာမြို့ပတ်လည်ရှိ တန်ခိုးကြီး ဘုရားများဆီသို့ ဘုရားဖူးခရီးသည်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်စေရန် ရည်ရွယ်ပြီး မုံရွာမြို့ မြို့ပတ်ရထားလမ်း၏ ပထမပိုင်းအဖြစ် လက်ရှိ အောင်သာ-ဖောဓိ တထောင် ရထားလမ်းပိုင်းကို ဖောက်လုပ် ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ နည်းပညာ တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာ ခုနစ်ရွာမှ ပြည်သူ ၁၁၄၁၁ ဦး တို့၏ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုရေးကိစ္စများ အဆင်ပြေချောမွေ့စေပြီး စရိတ်စက သက်သာစေမည် ဖြစ်သည့် အတွက် ဖောက်လုပ်ပေးခဲ့ရကြောင်း၊ ရထား ဖြင့် သယ်ယူပို့ဆောင်ခြင်းသည် စရိတ်စက သက်သာပြီး ကုန်ပစ္စည်းများကို များများနှင့် မြန်မြန် သယ်ယူပို့ဆောင်နိုင်သည့်အတွက် အကျိုးရှိသော သယ်ယူပို့ဆောင်မှု လုပ်ငန်း တစ်ခုဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် မုံရွာမြို့ပတ် ရထားလမ်း၏ အစိတ်အပိုင်း ဖြစ်သည့် အရှည်မိုင် ၅ ဒသမ ၂၅ မိုင်ရှိ အောင်သာ-ဖောဓိတထောင် ရထားလမ်း ပိုင်းသည် မုံရွာမြို့ပတ်ရထားလမ်း ဆောက် လုပ်ခြင်း၏ ပထမဆုံးခြေလှမ်း မှတ်တမ်း အဖြစ် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်သည့် အတွက် အောင်ပွဲနေ့တစ်နေ့ဖြစ်ကြောင်း" ဖြင့် ပြောကြားသွားသည်။

အားထားစရာ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက် ဖောက်လုပ်ဆဲ ရထားလမ်းများ အနေနှင့်-

(၁) ပဲခူး-ဟံသာဝတီ လေဆိပ်ရထား လမ်းသစ် ၄ဒသမ ၆၆မိုင်၊

(၂) သရက်-ကျွန်းချောင်း ရထား လမ်း ၁၈၃မိုင်၊

ဆောင်ရွက်ရာ၌ လမ်းပန်းဆက်သွယ်ရေး သည် အလွန်အရေးပါကြောင်း၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်း ဆက်သွယ်ရေးသည် အလွန်အဓိကကျ သဖြင့် ဤနယ်မြေ၊ ဤဒေသအတွင်း မြို့ပတ် ရထားလမ်းကြီးသည်လည်း အကောင်အထည်ပေါ်လာမည် ဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် အားထားစရာ လမ်းပိုင်းတစ်ခုဖြစ်လာမည် ဖြစ်ကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် ယနေ့ ရထား လမ်းအရှည် စုစုပေါင်း ၃၃၀၅ ဒသမ ၆၅ မိုင်ကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက ဘူတာပေါင်း ၄၈၇ ဘူတာရှိခဲ့ရာမှ ယနေ့ ဘူတာ စုစုပေါင်း ၈၄၀ ဘူတာကိုလည်း ကောင်း၊ ၁၉၈၈ခုနှစ် မတိုင်မီက တံတား ကြီး /ငယ် စုစုပေါင်း စင်း ၅၆၅၀ရှိခဲ့ရာ ယနေ့အချိန်တွင် တံတားကြီး/ငယ် စုစုပေါင်း ၁၀၆၂၇ စင်းကို လည်းကောင်း ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

(၃) ကသာ-ဗန်းမော် ရထားလမ်း ၉၈မိုင်၊

(၄) မိုးနဲ-ကျိုင်းတုံ ရထားလမ်း ၂၂၆မိုင်၊

(၅) ပျော်ဘွယ်-နတ်မောက်-ကန်ပြား (နည်းပညာတက္ကသိုလ်) ရထား လမ်း ၈၇ဒသမ၃၂မိုင်၊

(၆) ထားဝယ်-မြိတ် ရထားလမ်း ၁၃၂ဒသမ မိုင် ၅၀၊

(၇) မင်းဘူး - အမ်း - ရေချမ်းပြင် ရထားလမ်း ၂၄၅ဒသမ ၅၄မိုင်၊

(၈) ပုသိမ်-(ဒါးက)-ရန်ကုန်ရထား လမ်း ၈၄မိုင်၊

(၉) ပြည် (ရွှေတံခါး)- တောင်ငူ (ကျေးတော) - နေပြည်တော် ရထားလမ်း မိုင်၁၂၀ တို့ကို ဆက်လက်ဖောက်လုပ်နေဆဲ ဖြစ် ကြောင်း။

လားရှိုး-မူဆယ်ရထားလမ်း ၁၄၅မိုင်၊ ပဲခူး-သုံးခွ-သန်လျင်(အုတ်ဖိုစု) ရထား လမ်း ၅၇ဒသမ ၂၅မိုင်၊ ကလေး-တမူး ရထားလမ်း ၈၄ဒသမ၃၅မိုင် တို့ကိုလည်း ဖောက်လုပ်သွားရန်ရှိကြောင်းနှင့် ယနေ့ မုံရွာ-အောင်သာ-ဖောဓိတထောင် ရထား လမ်းပိုင်း ၁၀ဒသမ ၇၅မိုင်ကို အောင်မြင် စွာ ဖွင့်လှစ်နိုင်ခဲ့သဖြင့် သမ္ဗုဒ္ဓေဘုရားနှင့် ဖောဓိတထောင်ဘုရားတို့ကို ဒေသခံ ပြည်သူများနှင့် မြန်မာပြည်အနှံ့ ဘုရားဖူး သူများ၊ ပြည်ပမှ ကမ္ဘာလှည့် ခရီးသွား ဧည့်သည်များပါ ရထားစီးပြီး စရိတ်စက သက်သာစွာဖြင့် ဘုရားဖူးနိုင်ကြပြီဖြစ်၍ ကုသိုလ်စိတ်နှင့် ပီတိဖြစ်ရကြောင်း၊ ထို့အတူ မုံရွာ(နည်းပညာတက္ကသိုလ်)ကို တက်ရောက် နေကြသော ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားမှုကို အထောက် အကူပြုနိုင်ခဲ့သဖြင့် ဤဒေသအတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေးများ ဖွံ့ဖြိုး တိုးတက်လာခဲ့ပြီး ဤရထားလမ်း ဖြစ် မြောက်ရေးအတွက် အနီးကပ်ကြီးကြပ် စီမံဆောင်ရွက်ပေးခဲ့သော တိုင်းမှူးနှင့် ဒေသခံမိဘပြည်သူများ၊ ဝန်ထမ်းများအားလုံး အား အထူးကျေးဇူးတင်ရှိပါကြောင်း ပြော ကြားသည်။ ထို့နောက် ဒေသခံပြည်သူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြား သည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများ သည် မုံရွာ-ဖောဓိတထောင် ရထားလမ်း ပိုင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ရထားလမ်းပိုင်း ဖွင့်ပွဲမှတ်တမ်း စာတန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဖွင့်ပွဲမှတ်တမ်းရှေ့၌ ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖွင့်ပွဲအထူးရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် အထူးရထားပေါ်၌ လိုက်ပါစီးနင်းကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး လမ်းတစ်လျှောက်ရှိ ဘူတာ များမှ ကြိုဆိုကြသူများအား ပြန်လည် နှုတ်ဆက်ကြသည်။

လွယ်ကူချောမွေ့

ယနေ့ဖွင့်လှစ်သည့် မုံရွာမြို့ပတ် ရထားလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော အောင်သာ-ဖောဓိတထောင်ရထားလမ်းပိုင်း သည် ၅ဒသမ၂၅မိုင်ရှိ၍ ဘူတာ ခြောက် ဘူတာရှိပြီး အများဆုံး အကွေ့ဒီဂရီ (၁၂- ဒီဂရီ) ရှိကာ တံတားသုံးစင်း ပါရှိသည်။ ထိုရထားလမ်းပိုင်းသည် မုံရွာဘူတာမှ အောင်သာဘူတာ၊ ၎င်းမှ ခွဲထွက်၍ ဖောဓိတထောင်ဘူတာသို့ ဖောက်လုပ်ထား ရှိပြီး ၂၀၀၉ခုနှစ် ဇွန် ၂၃ရက်တွင် လုပ်ငန်း စတင်ခဲ့ပြီး ယနေ့တွင် အောင်မြင်စွာ ဖောက်လုပ်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူ များ၊ မြန်မာပြည်အနှံ့ ဘုရားဖူးသူများအား စရိတ်စက သက်သာစွာနှင့် မြန်မာ့မီးရထား က လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင် ပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ရထား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်တို့ မုံရွာ-ဖောဓိတထောင် ရထားလမ်းပိုင်းကို အောင်သာဘူတာ ရှေ့ရှိ မုခ်ဦးတွင် ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဖွင့်ပွဲအထူးရထား ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

Myanmar ICT Awards 2009 အတွက်ပြိုင်ပွဲဝင်များဖိတ်ခေါ်

ရန်ကုန် ဇန်နဝါရီ ၂

Myanmar ICT Awards 2009 အတွက် Website of the year နှင့် Mobile Application of the year ဟူ၍ ဆုနှစ်ဆု ချီးမြှင့်မည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် မိမိတို့၏ Website, Mobile Application များကို နိုင်ငံနှင့် အဝန်းမှ သိရှိနိုင်မည်ဖြစ်သည်။ ဆုရရှိသူများအား ရွှေသားဆုတံဆိပ်နှင့် အသိအမှတ်ပြုလက်မှတ်ကို အခမ်းအနားဖြင့် ပေးအပ်မည့်အပြင် ဂျာနယ်များ၊ ကွန်ပျူတာအသင်းများ၏ Website များတွင်လည်း ဖော်ပြပေးမည်ဖြစ်သည်။ သို့ဖြစ်၍ Website နှင့် Mobile Application ဖန်တီးသူများအား ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

သရုပ်ပြရှင်းလင်း

မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး Website ယှဉ်ပြိုင်သူများအနေဖြင့်မိမိ Website ၏ လက်ရှိ URL address, Powerpoint, Screen-shot တို့ပေးပို့ကာ ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။ Mobile Application အတွက် ပထမအဆင့်တွင် Powerpoint, Screen-shot တို့ကို CD ဖြင့် ပေးပို့ပြိုင်ပွဲဝင်ရမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ရွေးချယ်ခံရလျှင် လူကိုယ်တိုင် လာရောက်ကာ အကဲဖြတ်အဖွဲ့ ရှေ့မှောက်တွင်မိမိ၏ Mobile Application ကို Handset နှင့်တကွ သရုပ်ပြရှင်းလင်းရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်များ၏ CD များကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ဝင်းအတွင်းရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း သို့မဟုတ် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်းမတို့သို့ ပေးပို့ကြရန်ဖြစ်သည်။ "Myanmar ICT Awards 2009" ဟု ခေါင်းစဉ်တပ်ကာ mcpamm@gmail.com နှင့် mciaoffice @ gmail. com သို့လည်း ပေးပို့ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်များ ပြင်ဆင်ချိန်ပိုမိုရစေရန်အတွက် နောက်ဆုံးပေးပို့ရမည့်ရက်ကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၅ ရက်သို့ တိုးမြှင့်ပေးထားပြီး အသေးစိတ်အချက်အလက်များကို www.myanmarictawards.org<http;//www.myanmaricta wards.org/> တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) ၏ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂နာရီအထိ သိမ်ကြီးဈေး သိမ်တော်ကြီး ဓမ္မာရုံ၌ ယခင်နှစ်များအတိုင်း ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(မြန်မာ့အလင်း)

တရုတ်နိုင်ငံ ကျိကျင်းပြည်နယ်၌ ကျင်းပသည့် နှစ်သစ်ကူးပွဲတော်တွင် အရှည်မီတာ ၈၀ရှိ နဂါးအကဖြင့် ကပြ ဖျော်ဖြေနေသည်ကို ဇန်နဝါရီ ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျပန်လူဦးရေ ဆက်လက်ကျဆင်း

တိုကျို ဇန်နဝါရီ ၂

ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားနှုန်း ၂၀၀၉ ခုနှစ်၌လည်း ဆက်လက်ကျဆင်းမည်ဟု တွက်ချက်ထားကြောင်း စစ်တမ်းကောက်ယူမှုများအရ သိရှိရသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁ရက်တွင် ပြောကြားသည်။

ခန့်မှန်းထား

ဂျပန်နိုင်ငံ၏ကလေးမွေးဖွားနှုန်းမှာ ၂၀၀၉ခုနှစ်အတွင်း ၂၀၀၈ခုနှစ်ကထက် လူဦးရေ၂၂၀၀၀လျော့နည်းကာ ၁၀၆၉၀၀၀သာ မွေးဖွားခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် သေဆုံးသူဦးရေမှာ ကိုးနှစ်ဆက်တိုက်မြင့်တက်လာပြီး ၂၀၀၉ခုနှစ်အတွင်း လူဦးရေ ၁၁၄၄၀၀၀သေဆုံးသည်ဟု ခန့်မှန်းထားကြောင်း ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန၏ စစ်တမ်းကောက်ယူမှု၌ ဖော်ပြထားသည်။

ဖော်ပြ

ဂျပန်လူဦးရေမှာ ၂၀၀၉ခုနှစ်အတွင်း ၇၅၀၀၀ခန့် လျော့ကျသွားကာ ၂၀၀၈ခုနှစ်ကထက် ၁ဒသမ၄ဖြာခိုင်နှုန်းလျော့နည်းသွားကြောင်း ယင်းသတင်း၌ ဖော်ပြပါရှိသည်။ အမ်အင်န်အေ၊ ဆင်ဟွာ

၂၀၁၀ဘတ်ဂျက် ပိုငွေလျာထားချက်ပြည့်ရန် ဘရာဇီးအစိုးရ ဆောင်ရွက်မည်

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂

ဘရာဇီးအစိုးရသည် ၂၀၁၀ခုနှစ်အတွက် ယင်း၏အခြေခံဘတ်ဂျက် ပိုငွေလျာထားချက်ကို ပြည့်မီအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၉ ရက်က ကတိပြုလိုက်သည်။ ဘရာဇီးနိုင်ငံ၏ ၂၀၀၉ခုနှစ်အတွက် အခြေခံဘတ်ဂျက် ပိုငွေလျာထားချက်ကို စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှု(ဂျီဒီပီ)၏ ၂ဒသမ၅ရာခိုင်နှုန်းသတ်မှတ်ခဲ့သည်။

ဘရာဇီးနိုင်ငံဘတ်ဂျက်ရေးရာဝန်ကြီး ပေါလိုဘာနာဒိုက အသံလွှင့်မိန့်ခွန်းပြောကြားရာတွင် အထက်ဖော်ပြပါအတိုင်း ကတိပြုလိုက်ခြင်းဖြစ်သည်။

လျှော့ချ

ဘရာဇီးအစိုးရအနေဖြင့် ၂၀၁၀ခုနှစ်တွင် ဝင်ငွေခွန်တိုးမြှင့်ကောက်ခံရန် ရည်မှန်းခဲ့သော်လည်း လူမှုရေးအစီအစဉ်များအတွက် အသုံးစရိတ်ကိုလျှော့ချပြီး အခြေခံဘတ်ဂျက်ပိုငွေကို တိုးမြှင့်မည်မဟုတ်ကြောင်းလည်း အဆိုပါဝန်ကြီးက ပြောကြားသည်။

ဘရာဇီးအစိုးရသည် ၂၀၁၀ခုနှစ်တွင် အလုပ်အကိုင်များ တိုးမြှင့်ခန့်ထားမည့်အပြင် သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် ဦးစားပေးရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းပြော ကြားသွားသည်။ **(အင်တာနက်)**

အာဖဂန်ရှိ ပိုလန်တပ်ဖွဲ့ဝင်များ နှစ်နှစ်အတွင်း စတင်ရုပ်သိမ်းမည်

ဝါဆော ဇန်နဝါရီ ၂

အာဖဂန်နစ္စတန်နိုင်ငံရှိ ပိုလန်တပ်ဖွဲ့ဝင်များကို လာမည့်နှစ်နှစ်အတွင်း စတင်ရုပ်သိမ်းမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၃၁ရက်က ကျင်းပသည့်သတင်းစာရှင်းလင်းပွဲ၌ ပိုလန်နိုင်ငံခြားရေးဝန်ကြီး ဆီကောစကီးက ပြောကြားသည်။

လွှဲပြောင်းယူ

လက်ရှိအချိန်တွင် အာဖဂန်ရဲနှင့်တပ်ဖွဲ့ဝင်များအား သင်တန်းပို့ချပေးခြင်းဖြင့် ၎င်းတို့အင်အားတောင့်တင်းလာရေးကို မိမိတို့လိုလားကြောင်း၊ သို့မှသာ နှစ်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးကို အာဖဂန်တပ်ဖွဲ့ဝင်များက စတင်တာဝန်လွှဲပြောင်းယူနိုင်မည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သဘာဝဓာတ်ငွေ့ တူးဖော်ရေး အီရန်နှင့်တူရကီ ဆွေးနွေး

တီဟီရန် ဇန်နဝါရီ ၂

အီရန်နိုင်ငံပါးစ်တောင်ပိုင်း သဘာဝဓာတ်ငွေ့တူးဖော်ရေး လုပ်ကွက်သုံးနေရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ တူရကီအစိုးရနှင့် အီရန်အစိုးရတို့ ဆွေးနွေးလျက်ရှိကြောင်း အီရန်ရေနံဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။

စာချုပ်ချုပ်ဆို

အီရန်အစိုးရနှင့် တူရကီအစိုးရတို့သည် အဆိုပါ သဘာဝဓာတ်ငွေ့တူးဖော်ရေး လုပ်ကွက်သုံးနေရာမှ သဘာဝဓာတ်ငွေ့ ကုဗမီတာ ၂၀ဒသမ၄ဘီလီယံ နှစ်စဉ်ထုတ်ယူမည့်ကိစ္စရပ်အပေါ် ၂၀၀၈ခုနှစ်အတွင်းက သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။

တိုးမြှင့်ပေး

အဆိုပါသဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တူရကီရေနံကော်ပိုရေးရှင်း (တီအေအို)အား အီရန်အစိုးရက အောက်တိုဘာလအတွင်း၌ တစ်လအချိန်ပေးခဲ့သော်လည်း တူရကီကိုယ်စားလှယ်အဖွဲ့ အီရန်သို့အလည်အပတ်ရောက်ရှိချိန်တွင် သုံးလ တိုးမြှင့်ပေးခဲ့သည်။ **(အင်တာနက်)**

ဝေဟင်ပိုင်နက် ကျူးကျော်မှု အမေရိကန်ကို ဗင်နီဇွဲလားသတိပေး

ကရာကတ်စ် ဇန်နဝါရီ ၂

အမေရိကန်အစိုးရအနေဖြင့် အရူဘာကျွန်းနှင့် ကျူရာကိုးကျွန်းတို့ကို အခြေပြု၍ ဗင်နီဇွဲလားဝေဟင်ပိုင်နက်ကို ကျူးကျော်ရန်စနေခြင်းအပေါ် ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးလိုက်သည်။

ကြေညာ

ဗင်နီဇွဲလားနိုင်ငံအပေါ် ကျူးကျော် ရန်စရန် ပြင်ဆင်နေခြင်း နှင့်စပ်လျဉ်း၍ နိုင်ငံတကာအသိုင်းအဝိုင်းက အမေရိကန်နိုင်ငံအား ပြစ်တင်ရှုတ်ချပေးပါရန် ဗင်နီဇွဲလားအစိုးရက ထပ်မံတောင်းဆိုကြောင်း ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၃၁ ရက်တွင် ကြေညာသည်။

စွပ်စွဲ

ဒတ်ချ်ကျွန်းစုများကို အမေရိကန်စစ်ဘက်က အသုံးပြု တိုက်ခိုက်လာနိုင်ကြောင်း ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က ယခုလအစောပိုင်းတွင် စွပ်စွဲပြောကြားခဲ့သည်။ **(အင်တာနက်)**

ယဉ်ကျေးမှုဖွံ့ဖြိုးသည့် ထိပ်တန်း ၁၀နိုင်ငံတွင်ပါဝင်ရေး တောင်ကိုရီးယား ကြိုးပမ်း

ဆိုးလ် ဇန်နဝါရီ ၂

၂၀၁၀-၂၀၁၂ခုနှစ် ကိုရီးယားခရီးသွားနှစ်အစီအစဉ်ဖြင့် ၂၀၁၀ခုနှစ်တွင် တောင်ကိုရီးယားခရီးသွားလုပ်ငန်းကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ကိုရီးယားယဉ်ကျေးမှုဝန်ကြီးဌာနက ကြေညာလိုက်သည်။ ကမ္ဘာ့ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်သည့် ထိပ်တန်း၁၀နိုင်ငံစာရင်းတွင် တောင်ကိုရီးယားနိုင်ငံ ပါဝင်လာရမည်ဟုလည်း ကိုရီးယားယဉ်ကျေးမှုဝန်ကြီးဌာနက ဆုံးဖြတ်ထားသည်ဟု ဆိုသည်။

ထည့်သွင်းပြောကြား

၂၀၁၀ခုနှစ်အတွင်း ပြတိုက်နှင့် ယဉ်ကျေးမှုဆိုင်ရာ ပြကွင်းပြကွက်များကို တီထွင်ဖန်တီးခြင်းဖြင့် ကမ္ဘာ့ယဉ်ကျေးမှု ထိပ်တန်း ၁၀နိုင်ငံတွင်ပါဝင်လာရေးအတွက် မိမိတို့ကိုယ်တိုင် အသွင်ကူး ပြောင်းရမည်ဖြစ်ကြောင်း၊ သို့မှသာ ကမ္ဘာ့အနှံ့မှ မိတ်ဆွေများကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီး ယူအင်ချွန်က နှစ်သစ်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

မြှင့်တင်ပေး

၂၀၁၀ခုနှစ် နိုဝင်ဘာ၌ ကျင်းပမည့် ဂျီ-၂၀ထိပ်သီး အစည်းအဝေး၊ အသစ်ဖွင့်လှစ်မည့် အမျိုးသားပြတိုက်နှင့် ဂုဏ်ယူဝင့်ကြွားဖွယ် မိမိသမိုင်းနှင့် ယဉ်ကျေးမှုကို စင်တင်ပေးမည့် အနုပညာပြကွင်းပြကွက်များက မိမိတို့နိုင်ငံ၏ပုံရိပ်ကို အကြီးအကျယ် မြှင့်တင်ပေးမည်ဖြစ်ကြောင်း ယူအင်ချွန်က ထပ်လောင်းပြောကြားသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

မြေပြိုမှုဖြစ်ပွား

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့အနီး၌ မြေပြိုမှုဖြစ်ပွား ခဲ့ ပြီး နောက် အပျက် အစီးများကြားမှ ကယ်ဆယ်ရေး လုပ်ငန်း များ ဆောင် ရွက် နေသည်ကို တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဘရာဇီး၌ မြေပြိုမှုဖြစ်ပွား၊ ၄၄ဦးသေဆုံး

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂

ဘရာဇီးနိုင်ငံတောင်ပိုင်း ရီယိုဒီဂျနေးရိုးမြို့အနီး၌ ဇန်နဝါရီ ၁ရက်က မြေပြိုမှုနှစ်ခုဖြစ်ပွားရာ ၄၄ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာကဖော်ပြသည်။

မြေပြိုမှုများကြောင့် နေအိမ်များလည်းပျက်စီးခဲ့ကြောင်း၊ ရွံ့နွံများအကြား၌ ပိတ်မိနေသူများ ကျန်ရှိနေသေးကြောင်း၊ သေဆုံးသူဦးရေမှာလည်း ထပ်မံမြင့်တက်လာနိုင်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ယင်းသတင်း၌ပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား နျူကလီးယားဆိုင်ရာ သတင်းဖလှယ်

နယူးဒေလီ ဇန်နဝါရီ ၂

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် နယူးဒေလီနှင့် အစ္စလမ္မာဘတ်မြို့တို့၌ နျူကလီးယားနှင့် ပတ်သက်သည့်သတင်းဖလှယ်မှုများကို သံတမန်လမ်းကြောင်းများမှတစ်ဆင့် ဆောင်ရွက်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ၁၉၉၁ခုနှစ်မှစ၍ နှစ်တစ်နှစ်၏ ပထမဆုံးနေ့တွင် ပြုလုပ်နေကျအတိုင်း ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ရက်၌ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သတင်းဖလှယ်မှုများ ပြုလုပ်ခဲ့ကြသည်။

သဘောတူညီ

ပါကစ္စတန်နှင့် အိန္ဒိယတို့အကြား တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထိုးနှက်တိုက်ခိုက်မှုတားမြစ်ခြင်းဆိုင်ရာ သဘောတူညီချက် အပိုဒ်ခွဲ(၂)အရ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ယင်းတို့၏ နျူကလီးယားအဆောက်အအုံတည်ရှိရာဒေသကို အတိအကျတင်ပြရမည်ဟုဖော်ပြထားကြောင်း ပါကစ္စတန်နိုင်ငံခြားရေးရုံးမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

အတည်ပြု

အဆိုပါနှစ်နိုင်ငံ သဘောတူညီချက်ကို ၁၉၈၈ခုနှစ် ဒီဇင်ဘာ ၃၁ရက်က လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၁ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် အတည်ပြုခဲ့ကြောင်းလည်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန် ဘော်လီဘောကစားကွင်း၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား ၉၀ဦးထက်မနည်းသေဆုံးပြီး ၆၀ကျော်ဒဏ်ရာရ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂

ပါကစ္စတန်နိုင်ငံ အနောက်ဖရန်တီယာပြည်နယ်ရှိ ဘော်လီဘောကစားကွင်း၌ ဇန်နဝါရီ ၁ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ၉၀ဦးထက်မနည်းသေဆုံးပြီး ၆၀ကျော် ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာများက သတင်းထုတ်ပြန်သည်။

ပြောကြား

အသေခံဗုံးခွဲသမားမှာ ကီလိုဂရမ် ၃၀၀ရှိသည့် ပေါက်ကွဲစေသည့်ပစ္စည်းများ တင်ဆောင်ထားသောကားကို အရှိန်ဖြင့်မောင်းနှင်ကာ ဘော်လီဘောကစားကွင်းနံရံအား ဝင်တိုက်ပြီး အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့အကြီးအကဲ အရွတ်ခန်က ပြောကြားသည်။

အသေခံဗုံးဖောက်ခွဲချိန်၌ ကစားကွင်းအတွင်း ဒေသခံဘော်လီဘောအဖွဲ့နှစ်ဖွဲ့ ယှဉ်ပြိုင်နေချိန်ဖြစ်သည်။ ဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အကြမ်းဖက်အဖွဲ့က ပြုလုပ်ခဲ့သည်ဟု ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့သော်လည်း ရဲတပ်ဖွဲ့ကမူ ယင်းဗုံးခွဲတိုက်ခိုက်မှုအား တာလီဘန်အကြမ်းဖက်အဖွဲ့ကနောက်ကွယ်မှ ကြိုးကိုင်စေခိုင်းခြင်းဖြစ်သည်ဟု သံသယရှိကြောင်း အရွတ်ခန်က ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ အနောက်ဖရန်တီယာပြည်နယ်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးအား တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

အစ္စရေးမျက်လှည့်ပညာရှင် ကမ္ဘာ့စံချိန်တင် မျက်လှည့်ပြသ

အစ္စရေး မျက်လှည့်ပညာရှင် ဟေဇီဒါယန်သည် ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ရက်က အစ္စရေးနိုင်ငံ တဲအဗစ်မြို့ရှိ ရာဘင်ရင်ပြင်၌ တန်ချိန် ရှစ်တန်ရှိသော ရေခဲတုံးကြီး အတွင်း ၆၄ နာရီကြာ ကမ္ဘာ့စံချိန်တင် မျက်လှည့်ပြသခဲ့ကြောင်း အစ္စရေးသတင်းစာ တစ်စောင်က ရေးသားဖော်ပြသည်။

A(H1N1) ကာကွယ်ဆေးများ နီပေါရရှိမည်

နီပေါနိုင်ငံသည် ၂၀၁၀ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် ပထမအသုတ် A(H1N1) တုပ်ကွေးရောဂါကာကွယ်ဆေးများရရှိမည်ဟု ဇန်နဝါရီ ၂ရက်ထုတ် ဟိမဝန္တာ တိုင်းမ်သတင်းစာ၌ ဖော်ပြထားသည်။ နီပေါကျန်းမာရေးနှင့် လူဦးရေရေးရာ ဝန်ကြီးဌာနက အဆိုပါဆေးများရရှိရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (ဒဗလျူ အိတ်ချ်အို)သို့ မေတ္တာရပ်ခံထားသည်ဟုလည်း ထိုသတင်းစာ၌ ဆက်လက်ဖော်ပြ ထားသည်။

ကိုလံဘီယာ သူပုန်စခန်းအား ဗုံးကြဲတိုက်ခိုက်

ကိုလံဘီယာနိုင်ငံ၏ အကြီးဆုံးသူပုန်တပ်ဖွဲ့ (အက်ဖ်အေအာရ်စီ)စခန်းအား ဇန်နဝါရီ ၁ရက်က ဗုံးကြဲတိုက်ခိုက်ခံရသဖြင့် အဖွဲ့ဝင် ၁၈ဦးထက်မနည်း သေဆုံးသွားကြောင်း ကိုလံဘီယာ ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ကိုလံဘီယာ လေတပ်နှင့်ကြည်းတပ်တို့ ပူးပေါင်း၍ အဆိုပါသူပုန်စခန်းကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်၌ မီးလောင်၍ ငါးဦးသေဆုံး၊ ၁၃ဦး ဒဏ်ရာရ

ပြင်သစ်နိုင်ငံ နီမစ်မြို့တောင်ပိုင်းတွင် မီးလောင်သဖြင့် ငါးဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇန်နဝါရီ ၂ရက်၌ ပြောကြားသည်။ မီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

အမေရိကန်၌ မြူဆိုင်း၍ လေယာဉ်ခရီးစဉ်များဖင့်နှေးခဲ့

အမေရိကန်ပြည်ထောင်စုတွင် မြူများထူထဲစွာကျဆင်းနေသဖြင့် လေယာဉ်များ မထွက်နိုင်ဘဲ လော့စ်အိန်ဂျလိစ် နိုင်ငံတကာလေဆိပ်တွင် ခရီးစဉ်များဖင့်နှေးခဲ့ရကြောင်း ဖက်ဒရယ် လေကြောင်းအုပ်ချုပ်ရေးအဖွဲ့(အက်ဖ်အေအေ)က ဇန်နဝါရီ ၂ရက်၌ သတင်းထုတ်ပြန်သည်။

ဇင်ဘာဘွေနှင့် အီရန်ဆက်ဆံရေး တိုးတက်

အီရန်နိုင်ငံသည် ဇင်ဘာဘွေနိုင်ငံသို့ လိုအပ်သည့်အချိန်တွင် လူသားအချင်းချင်း စာနာထောက်ထားသည့် အကူအညီများပေးသွားရန်နှင့် လက်ရှိကောင်းမွန်နေသော နှစ်နိုင်ငံဆက်ဆံရေး အကောင်းမွန်ဆုံးဖြစ်အောင်ဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ဖြင့် အီရန်နိုင်ငံက ပြောကြားသည်။ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကဏ္ဍအားလုံးတွင် လက်ရှိရရှိထားပြီးဖြစ်သည့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဟုလည်း အီရန်အစိုးရက ဇန်နဝါရီ ၂ရက်၌ သတင်းထုတ်ပြန်သည်။

အိန္ဒိယအနောက်ပိုင်း၌ ယာဉ်တိုက်မှု ၁၁ဦးသေဆုံး

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရာ့ရှ်ထရာပြည်နယ်တွင် စက္ကူနှင့်စာရေးကိရိယာ ပစ္စည်းများတင်ဆောင်လာသော ထရပ်ကားတစ်စီးနှင့် ခရီးသည်တင်ကားတစ်စီး ဇန်နဝါရီ ၁ရက်က တိုက်မိရာမှ ၁၁ဦးထက်မနည်းသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိ သွားကြောင်း အထက်တန်းရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဥရုဂွေး၌ရေလွှမ်း၊ လူ ၆၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်

ဥရုဂွေးနိုင်ငံတွင် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလမှစတင်၍ အချိန်ကာလကြာမြင့်စွာ ရေလျှံနေသဖြင့် ဥရုဂွေးနိုင်ငံသား ၆၂၆ဦးထက်မနည်းသည် နှစ်သစ်ကူးနေ့ကို ယာယီ တဲများ၌ပင် အခမ်းအနားကျင်းပကြရကြောင်း၊ ယင်းဥရုဂွေးနိုင်ငံသားများသည် နေထိုင်ရာဒေသများရှိ မြစ်များတွင် ရေလျှံပြီးအနီးဝန်းကျင်၌ ရေလွှမ်းလျက်ရှိကြောင်း အမျိုးသား အရေးပေါ်ဌာန(အင်န်အီးအက်စ်)က သတင်းထုတ်ပြန်သည်။

(အင်တာနက်)

■ ***ရှေ့ဖုံးမှ***

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် နာယက မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဌာန ဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်အောက်ရှိ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြ သည်။

တိုးတက်ဖြန့်ဖြူး

ရှေးဦးစွာ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်၏ ဧကာဒသမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို သီရိအဏ္ဏဝါ ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော်အကြီးအကဲ၏ သားငါးကဏ္ဍ ဆိုင်ရာ လမ်းညွှန်ချက်ဖြစ်သည့် သားငါး မျိုးကောင်းမျိုးသန့်များကို တိုးတက် ဖြန့်ဖြူးရန်၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ ကျေးလက်ဒေသ မွေးမြူရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ ဖော်ချ ဆောင်ရွက်ရန် ဟူသည့် လမ်းညွှန်ချက်များ နှင့်အညီ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမှာ စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အမှာစကားပြောကြား သည်။

တင်ပြ

ယင်းနောက် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် ဥက္ကဋ္ဌက အဖွဲ့ချုပ်၏ လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်မှ အသင်းသား အသင်းသူများ၏ ပညာရည်ချွန်ဆုရ သားသမီးများအား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဂုဏ်ပြု ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပါရဂူဘွဲ့အတွက် ရေလုပ်ငန်းပညာရပ်ဆိုင်ရာ စာတမ်းပြုစု ခဲ့သူများ၊ ပညာရှင်များနှင့် ပါရဂူဘွဲ့ရရှိသူ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင်တို့အား သုတေသန ချီးမြှင့် ငွေနှင့် ဂုဏ်ပြုလက်ဆောင်များကို တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယမြို့တော်ဝန် တို့က ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုမှတ်တမ်း

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန် ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်း လွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မြန်မာ့ရေထွက် ပစ္စည်း ဈေးပွဲတော် ၂၀၀၉-၂၀၁၀ ဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်ရုံး ဥပစာရှေ့၌ ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က မြန်မာ့ရေထွက် ပစ္စည်းဈေးပွဲတော် ၂၀၀၉-၂၀၁၀ ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ၂၀၀၉-၂၀၁၀တွင် ခင်းကျင်းဖွင့်လှစ် ရောင်းချပြသထားသည့် ပြခန်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ ရေထွက်ပစ္စည်း စားသောက်ဖွယ်ရာများနှင့် အသင့်ပြုလုပ် ထားသော ရေထွက်ပစ္စည်းအရောင်းဆိုင် များကို လှည့်လည်ကြည့်ရှု အားပေးကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့ရေထွက် ပစ္စည်း ဈေးပွဲတော် ၂၀၀၉-၂၀၁၀ တွင် ဖွင့်လှစ်ပြသထားသည့် ပြခန်းနှင့် ဆိုင်ခန်း များကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ရေပိုက်လိုင်း တပ်ဆင်

ထီးလင်းမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်သော ရေမျက်နီ ကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်း၏ ရေပိုက်လိုင်း တပ်ဆင်နေမှုနှင့် အုတ် ရေကန်တည်ဆောက်ပြီးစီးမှု အခြေ အနေကို မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်လွင်နှင့် တာဝန်ခံအင်ဂျင် နီယာ ဦးစိုးသိမ်းတို့က ရှင်းလင်း တင်ပြကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁)ထွက်နေပြီ

ရန်ကုန် ဇန်နဝါရီ ၂

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁)၌ တရားမဝင် လာရောက်သူ ကမ္ဘောဒီးယားနိုင်ငံသားနှင့် တည်းခိုခွင့်ပြုခဲ့သူ အိမ်ရှင်ကိုပါ အရေးယူမှု တစ်ခု ကျောက်တံတားမြို့နယ်တွင် ဖြစ်ပွားခဲ့၊ ဆန်ဝယ်ရာဒေသ အထောက်အထားပြ နိုင်မှ ပြည်ပပို့ခွင့်ရမည်၊ စက်မှုဇုန် ဂျစ်ထုတ်လုပ်ရေးအချို့ လုပ်ငန်းရပ်ဆိုင်းထား၊ ဆယ်မိုင်ဝန်းကျင်အတွင်း ဖက်စ်နှင့် အင်တာနက်သုံးနိုင်မည့် ကျပ်ငါးသိန်းတန်ဖုန်း၊ စစ်ကိုင်းတိုင်းတွင် စတင်သုံးစွဲခွင့်ရ၊ အီးယူနိုင်ငံများသို့ မြန်မာ့ရေထွက်ကုန် တရားဝင် တင်ပို့ခွင့် မြန်မာ့စက်ရုံရှစ်ခုရရှိ စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ ကိုကို (စက်မှုတက္ကသိုလ်)၏ သိသူဖော်စား အတိုးများများ၊ သတင်းတစ်ကြောင်း အတွေး ထောင်သောင်းကဏ္ဍ၊ အင်းရိုးရာအင်းဓလေ့နှင့် အင်းသူအင်းသား အင်းအလှများ(၂) Myanmar Discovery၊ စာအုပ်အဟောင်းရောင်းသမား ကိုအေးလွင်၏ သူ့ဘဝ သူ့ဒဿန ဖြစ်ချင်တာတွေ မဖြစ်ခဲ့ပေမယ့် အဆင်ပြေအောင်နေတယ်၊ လာခြင်းကောင်း မည့် ၂၀၁၀၊ ဘဝနိဂုံး အမွေမဆုံးစေချင်ပါကွဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

စင်ကာပူသာ အသက်ရှူရပ်သွားရင် ကမ္ဘာကြီးကို ကယ်တင်လို့ရမှာ မဟုတ်ဘူး စင်ကာပူ ဝန်ကြီးချုပ်လီရှန်လွန်း၊ စီနီယာဝန်ကြီး အက်စ်ဂျာယာကူးမားနှင့် ပတ်ဝန်းကျင် နှင့် ရေအရင်းအမြစ် ဝန်ကြီး ယာကော့အီဗာရာဟင်တို့နှင့် The Straits Times သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ရာသီဥတုပြောင်းလဲခြင်းက ကိုပင်ဟေဂင်မှာ တကယ်ပဲပြောင်းလဲခဲ့သလား၊ တရား ဥပဒေအရ နိုင်ငံမဲ့နေသော အမြွာကလေးနှစ်ဦး တရားရုံး၏ ကြားဝင်ဆောင်ရွက်မှုဖြင့် နိုင်ငံပြန်ခွင့်ရ၊ ဂျပန်တွင် ကိုယ့်ကိုယ်ကို အဆုံးစီရင်သူ ၃၀၀၀၀ခန့်အထိရှိ၊ လူတစ်ဦး က အမေရိကန်ခရီးစဉ်၏ လေယာဉ်တစ်စင်းမှ ပေါက်ကွဲစေတတ်သော ကိရိယာလေး အား မီးရှို့ရန်ကြံစည်၊ မိုးပျံဘောလုံးဖြင့် လိမ်လည်လှည့်စားသူ ဇနီးမောင်နှံနှစ်ဦးအား ထောင်ဒဏ်စီရင်ချက်ချ၊ ဘီးတပ်ကုလားထိုင်ပေါ်မှ သေနတ်သမားက စာတိုက် တစ်တိုက်ကို ၉နာရီကြာမျှ အနှောက်အယှက်ပေး စသည့် နိုင်ငံတကာထူးထူးဆန်းဆန်း သတင်း များ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာ ဖြင့် e-Empire Media House မှ တစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၁၀

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ကုဏ္ဍလကေသီထေရီအပါဒါန်** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	ရန်ကုန်မြင်ကွင်းကျယ် (Digit Art Festival)
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (ဇာတ်သိမ်းပိုင်း)
၈:၃၀	Sports World (Sunday Special)
၈:၅၅	Activities in the City (မြန်မာနိုင်ငံ ဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲ)
၉:၁၀	နိုင်ငံတစ်ဝန်း လျှပ်စစ်စွမ်းဖြင့် လူမှုဆင့်တန်းမြှင့်စေမည်
၉:၂၀	Sunday Talk) [ဒေါက်တာအောင်ကိုကို(စီးပွား ပညာ၊စီးပွားရေးပေါ်လစီ) ကိုကို(စက်မှုတက္ကသိုလ်)]
၁၀:၂၅	English Language Competition (Part-2) (Advance)
၁၀:၅၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (စိန်သစ်)
၁၁:၃၀	လုံခြုံနွေးထွေးမှုမှသည် ထူးချွန်ထက်မြက်သော အနာဂတ်ဆီသို့
၁၁:၅၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၂)
၁၂:၀၀	အိုမင်းမှုရောဂါများနှင့် Antioxidant
၁၂:၃၅	မမောမပန်းခရီးလမ်း… ဆံတော်ရှင်ထံ အရောက်မှန်း
၁:၀၀	**ကုဏ္ဍလကေသီထေရီအပါဒါန်** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (ရုပ်ရှင်ကြည့်တာကောင်းတယ်၊ ရုပ်ရှင်မကြည့်တာကောင်းတယ်)
၃:၅၀	နိုင်ငံတစ်ဝန်းလျှပ်စစ်စွမ်းဖြင့် လူမှုဆင့်တန်းမြှင့်စေမည်
၄:၀၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၂)
၄:၂၅	Activities in the City (လျှပ်စစ်ဝန်ထမ်းဟောင်း သက်ကြီးပုဂ္ဂိုလ် ဆရာသမားများအား ပူဇော်ပွဲ)
၄:၄၅	Sports World (Sunday Special)
၅:၁၀	စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort)
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (စိန်သစ်)
၇:၀၀	ဈေးဝယ်လမ်းညွှန် (နှန်းဦးဝေ ပိုးထည်ချည်ထည်)
၇:၂၀	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (ရုပ်ရှင်ကြည့်တာကောင်းတယ်၊ ရုပ်ရှင်မကြည့်တာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (ဇာတ်သိမ်းပိုင်း)
၁၀:၀၀	ဗီဒီယိုပြခန်း
၁၀:၁၅	FA Cup Preview
၁၀:၃၀	FA Cup West Ham Vs Arsenal
၁၂:၃၀	ရန်ကုန်မြင်ကွင်းကျယ် (Digit Art Festival)
၁၂:၄၅	FA Cup Tranmere Vs Wolves
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Man Utd-Leeds United	STAR SPORT(Live)
၁၀:၃၀	West Ham- Arsenal	STAR SPORT(Live)
၁၂:၄၅	Tranmere Rovers-Wolverhamptom	STAR SPORT(Live)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

အားသစ်ညီညီ - ရွှေပြည်ထက်နန်းဆီ၊ တက်လှမ်းချီ

ရန်ကြီးအောင်

နိုင်ငံတစ်ခုကို ဖွံ့ဖြိုးတိုးတက်လာအောင် ထူထောင်ရန်မှာ အချိန်မည်မျှကြာမြင့်နိုင်ပါသနည်း။ တစ်နှစ်၊ နှစ်နှစ်မျှဖြင့် ''ခု-ရေတွင်းတူး၊ ခု-ရေကြည်သောက်'' မဖြစ်နိုင်သည်ကတော့ သေချာသည်။ နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် အားကုန်ထုတ်၍ ကြိုးစားကြလျှင်မူ ဆယ်စုနှစ်တစ်ခု၊ နှစ်ခုမျှဆိုလျှင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို တွေ့မြင်ရနိုင်ကောင်းသည်ဟု ဆိုချင်ပါသည်။

ထိုသို့ဆိုခြင်းမှာ အကြောင်းမဲ့၊ အထောက်အထားမဲ့ကား မဟုတ်ချေ။ အနီးပတ်ဝန်းကျင်ဒေသတွင်းမှ သာဓကများစွာ ရှိနေသည်။ နမူနာစံပြ ပုံစံ(၁)အဖြစ် ဂျပန်နိုင်ငံကို ညွှန်ပြလိုပါသည်။ ဂျပန်နိုင်ငံသည် သဘာဝအရင်းအမြစ် ချို့တဲ့ရှားပါးသည့်အပြင် ရာသီဥတုပြင်းထန်၍ ငလျင်ဘေး၊ ဆူနာမီရေလှိုင်းဘေးစသော သဘာဝကပ်ဘေးကြီးများ မကြာခဏ ပေါ်ပေါက်တတ်သော ကျွန်းနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးတွင်လည်း စားနပ်ရိက္ခာပိုလျှံရန် မဆိုထားဘိ၊ ဖူလုံရန်အတွက်ပင် အနိုင်နိုင်ကြိုးပမ်းခဲ့ရသော နိုင်ငံဖြစ်သည်။ ချို့တဲ့သော အရင်းအမြစ်များကို အဆုံးစွန်အထိ အသုံးပြုကာ ဒုတိယကမ္ဘာစစ်တွင် ပါဝင်တိုက်ခိုက်ခဲ့ပြီးနောက် အဏုမြူဗုံးဒဏ်၊ မီးလောင်ဗုံးဒဏ်များကြောင့် ပြာပုံအတွင်းမှ စစ်ရှုံးနိုင်ငံဖြစ်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ပြီးစ ဂျပန်နိုင်ငံကား ကုန်းကောက်စရာပင် များများစားစားမရှိသောဘဝ၊ စစ်နိုင်သူတို့ပြုသမျှ နုရသော စစ်ရှုံးနိုင်ငံဘဝ ဖြစ်ခဲ့သည်။ ပြည်သူအများစုမှာ စားစရာပင်မရှိသဖြင့် ကူညီထောက်ပံ့ရေးစခန်းများတွင် ရှည်လျားစွာ တန်းစီခဲ့ကြရသည်။ ထိုကာလမှ နှစ်ပေါင်းနှစ်ဆယ်ခန့်ကြာသောအခါ ဂျပန်နိုင်ငံသည် သံနှင့်သံမဏိလုပ်ငန်း၌ အမေရိကန်ကို ကျော်တက်နိုင်ခဲ့သည်။ နှစ်ပေါင်းသုံးဆယ်တွင် မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်း၌ ဂျပန်ကုမ္ပဏီများက အမေရိကန် ဒက်ထရွိုက်ကို အနိုင်ယူသွားသည်။ နှစ်ပေါင်းလေးဆယ်ကျော်အကြာတွင် အီလက်ထရွန်နစ်စက်ကိရိယာပစ္စည်းများ၌ ဂျပန်တို့က ကမ္ဘာ့ဦးဆောင်နိုင်ငံ ဖြစ်နေလေသည်။ ဤသို့ဖြင့် သယံဇာတဟူ၍ မည်မည်ရရ လက်ညှိုးထိုးပြစရာမရှိသော ဂျပန်နိုင်ငံသည် နိုင်ငံသားတို့၏ စိတ်ဓာတ်၊ ဇွဲ၊ လုံ့လ၊ ဉာဏ်စွမ်းတို့ကို အားကိုးပြု၍ ကမ္ဘာပေါ်၌ ဒုတိယစီးပွားရေး အင်အားအကြီးဆုံး နိုင်ငံဖြစ်လာခဲ့တော့သည်။

ဒုတိယစံနမူနာပြနိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်သည်။ ၁၉၄၉ခုနှစ် အောက်တိုဘာလ ၁ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ခဲ့စဉ်က တရုတ်ပြည်သူအများစုမှာ ဒုတိယကမ္ဘာစစ်ဒဏ်၊ ရှည်လျားပြင်းထန်သော ပြည်တွင်းစစ်ဒဏ်တို့ကြောင့် ဆင်းရဲဒုက္ခများစွာကို ခံစားခဲ့ကြရသည့် ကာလဖြစ်သည်။ မြေရှင်စနစ် ခြေဖနောင့်အောက်မှ ရုန်းထွက်ခါစ တရုတ်တောင်သူလယ်သမားများမှာ တစ်ဦးလျှင် ဧကတစ်မတ်၊ ဧကဝက်မျှသော လုပ်ပိုင်ခွင့်ရမြေကွက်များ၌ ထွန်၊ ထယ်၊ ကျွဲ၊ နွား ဗလာနတ္ထိဖြင့် ဘဝကို စခဲ့ကြရသည်။ ဤအတောအတွင်း ကိုရီးယားစစ်ပွဲ၊ ကူမင်တန်တို့နှင့် အပြီးသတ်စစ်ပွဲများကို တစ်ဖက်တစ်လမ်းက ဆင်နွှဲခဲ့ကြရသေးသည်။ မူဝါဒရေးရာ အမှားအယွင်းများကြောင့် မဟာခုန်ပျံကျော်လွှားရေးလှုပ်ရှားမှုတွင် ပြည်သူသန်းနှင့်ချီ၍ စားနပ်ရိက္ခာပြတ်လပ် သေဆုံးခဲ့ကြရသည်။ မဟာပစ္စည်းမဲ့ ယဉ်ကျေးမှုတော်လှန်ရေးကြောင့် နိုင်ငံပြိုလဲလုလု အခြေအနေမျိုးကိုပင် ရင်ဆိုင်ခဲ့ကြရသည်။ ထိုသို့ဆိုးရွားလှသော အခြေအနေများအကြားမှ အမြော်အမြင်ကြီးမားသော ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်၏ လမ်းညွှန်ချက်ဖြင့် လေးမျိုးခေတ်မီရေးနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ၁၉၇၈ခုနှစ်တွင် စတင်ချမှတ် လုပ်ဆောင်ခဲ့သည်။ ''ကြောင်တစ်ကောင်သည် ဖြူသည်၊ နက်သည်က အရေးမကြီး၊ ကြွက်ခုတ်နေသမျှ ကြောင်ပီသနေလိမ့်မည်'' ဟူသော တိန့်ရှောင်ဖိန်၏ လက်တွေ့ကျလှသော မူဝါဒနှင့်အညီ အများက မဖြစ်နိုင်ဟုဆိုသော ဝိရောဓိတစ်စုံကို တွဲစပ်၍ ''ဆိုရှယ်လစ် ဈေးကွက်စီးပွားရေးစနစ်''ကို ချမှတ်ကျင့်သုံးခဲ့သည်။ နှစ်ပေါင်းသုံးဆယ်ခန့်ကြာသည်အထိ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုက နှစ်စဉ် ဆယ်ဂဏန်းကျော်ရာခိုင်နှုန်းရှိကာ ကမ္ဘာပေါ်၌ အမြင့်မားဆုံးဟု ဆိုလောက်သော အရှိန်အဟုန်ဖြင့် တိုးတက်ခဲ့သည်။ ၂၀၀၈ ခုနှစ်ကုန်တွင် တစ်ကမ္ဘာလုံး ဘဏ္ဍာရေး၊ စီးပွားရေး အကျပ်အတည်း ကြီးမားစွာ ရင်ဆိုင်ခဲ့ကြရသည့်တိုင် တရုတ်နိုင်ငံတွင် စီးပွားရေးအနည်းငယ် အတက်နှေးသွားသည်မှလွဲ၍ ထိခိုက်မှု ကြီးကြီးမားမားမရှိခဲ့။ ကမ္ဘာ့စီးပွားရေးအကြီးမားဆုံး အမေရိကန်ကိုပင် ငွေအလုံးအရင်းထုတ်ချေး၍ ကူညီနိုင်ခဲ့သေးသည်။ တစ်ချိန်က ''အာရှတိုက်၏ လူမမာသည်ကြီး'' ဟူ၍ တင်စားပြောဆိုခံခဲ့ရသော တရုတ်နိုင်ငံသည် ယခုအခါ ကမ္ဘာ့စူပါ ပါဝါတန်းသို့ လှမ်းချိန်နေလေပြီ။ လာမည့် ၂၀၅၀ပြည့်နှစ်ကျလျှင် တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးနံပါတ်(တစ်) ဖြစ်လာတော့မည်ဟု အသေအချာတွက်ချက် မှန်းဆ ပြောဆိုနေကြသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်ရေးရသောနေ့တွင်ပင် သမ္မတကြီး စဝ်ရွှေသိုက်က တိုင်းပြည်ပြည်ပြု လွှတ်တော်ပါလီမန်၌ ကြေညာသော အစိုးရ၏မူဝါဒနှင့် ရည်ရွယ်ချက်တို့တွင် အောက်ပါအတိုင်းပါရှိခဲ့သည်-

''...**အမြဲထာဝစဉ် ရှေ့ရှုသုံးသပ်လျက်ရှိသော ကျွန်ုပ်တို့၏ မူလရည်ရွယ်ချက်သည်ကား မြန်မာပြည်ထောင်စု အရင်းရှင်ဝါဒကို ပိတ်ပင်ပယ်ဖျက်၍ နိုင်ငံ၏ လုပ်ငန်းဆောင်တာအဝဝကို တိုင်းသူပြည်သားများသာပိုင်ဆိုင်ခွင့်ရှိသော ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်ရန်ဖြစ်ပေသည်။ ထိုဝါဒတွင် ပိုင်ရှင်ရှိသောပစ္စည်းများကို အတင်းအဓမ္မ လုယက်ယူသောရည်ရွယ်ချက် လုံးဝမပါဘဲ တိုင်းပြည်အတွင်းရှိရှိသမျှ ပြည်သူပြည်သားအလုံးစုံတို့ကို ကျောသားရင်သား မခွဲခြားဘဲ ပြည့်ဝချမ်းသာစေလိုသော ဝါဒသာလျှင် ဖြစ်လေသည်။ လူ အတန်းအစားမခွဲခြားဘဲ အားလုံးပြည်သူလူအများတို့ ကြွယ်ဝချမ်းသာမှသာလျှင် နိုင်ငံကောင်းနိုင်ငံမြတ်ဟု ဆိုထိုက်ပေသည်။**

မြန်မာပြည်တဝှမ်းလုံး ချမ်းသာကြစေရန် အကျိုးနှင့် စစ်ကြောင့် ပျက်စီးနေသော စက်မှုလက်မှုလုပ်ငန်းဆောင်တာ ပစ္စည်းပစ္စယအဝဝတို့ကို ပြန်လည်ထူထောင်ရာတွင် စမ်းတဝါးဝါးအယောင်အမှားမှား မပြုလုပ်ဘဲ စီမံကိန်းများနှင့်သာ ပြုလုပ်စေရန် ကျွန်ုပ်၏အစိုးရက ထိုစီမံကိန်းများကို သေချာကျနစွာ ရေးဆွဲထားပြီးလေပြီ။ ထိုစီမံကိန်းများအတိုင်း လိုက်နာ၍ ပြန်လည်ထူထောင်ရေးနှင့် နိုင်ငံသာယာဝပြော စည်ပင်ရေးတို့ကို လျင်မြန်စွာ ထမြောက်အောင်မြင်စေရန် ကျွန်ုပ်၏အစိုးရက ကြိုးစားဆောင်ရွက်လိမ့်မည်...''

အထက်ပါ ''**လွတ်လပ်သော မြန်မာနိုင်ငံ၏ ပန်းတိုင်**'' များတွင် နိုင်ငံစတင်ထူထောင်သူများ၏ အများပြည်သူတို့ လူတန်းစားမခွဲခြားဘဲ ကြွယ်ဝချမ်းသာစေလိုသော ''စေတနာ''နှင့် စစ်ဘေး စစ်ဒဏ်မှ နိုင်ငံကို ပြန်လည်ထူထောင်ရေးနှင့် နိုင်ငံသာယာဝပြော စည်ပင်ရေးတို့ကို လျင်မြန်စွာ ထမြောက်အောင်မြင်စေလိုသည့် ''ဆန္ဒ''တို့ကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။

သို့သော် အဆိုပါ စေတနာ၊ ဆန္ဒများကို လွတ်လပ်ရေးရပြီး ဆယ်စုနှစ်တစ်ခုကျော်သည်အထိ မဖော်ဆောင်၊ မဖြည့်ဆည်းနိုင်ခဲ့ကြပေ။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများတွင် တူညီသော ဘုံရည်မှန်းချက်ဖြင့် တစည်းတလုံးတည်း အတူတကွ လက်တွဲတိုက်ပွဲဝင်ခဲ့ကြသော နိုင်ငံရေးအင်အားစုများသည် ဝါဒရေးမှိုင်း၊ လူမျိုးရေးမှိုင်းစသော မှိုင်းပေါင်းစုံတို့ဖြင့် မှုန်ရီဝေမူးခဲ့ကြကာ ရဲဘော်ရဲဘက်ချင်း သေနတ်ပြောင်းလှည့်ခဲ့ကြသည့်အတွက် ''ရန်ကုန်ခြောက်မိုင်ပတ်လည် အစိုးရ''ဟု နိုင်ငံတကာသတင်းစာများက ပြက်ရယ်ပြုခေါ်ဝေါ်ခြင်းကိုလည်း ခါးသီးစွာ ခံစားခဲ့ကြရဖူးခဲ့ပြီ။ နိုင်ငံရေးအာဏာတည်းဟူသော မာယာသည် ဘီလူးမ၏ လှည့်စားမှုကြောင့် အမျိုးသားရေးဦးဆောင်တပ်ဦးသဖွယ်ဖြစ်သော ဖဆပလအဖွဲ့ကြီးအတွင်း လုပ်ဖော်ကိုင်ဖက် ရောင်းရင်းများအကြား စိတ်ဝမ်းကွဲကာ တည်မြဲ-သန့်ရှင်း/ဦး၊ ဗိုလ်၊ သခင် စသည်ဖြင့် အစိတ်စိတ်အမွှာမွှာ ပြိုကွဲခဲ့ဖူးပြီ။

ကနဦး နိုင်ငံထူထောင်သူတို့၏ ရည်ရွယ်ချက်ဖြစ်သည့် ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေးမှ လမ်းလွဲ သွေဖည်လာမှု၊ ၁၉၄၇ ခုနှစ် အခြေခံဥပဒေပါ ခွဲထွက်ရေး အခွင့်အရေးများကို ဆုပ်ကိုင်ကာ နိုင်ငံပြိုကွဲရေးကို ရှေးရှုကြိုးပမ်းလာမှုများကြောင့် ၁၉၆၂ ခုနှစ်တွင် နိုင်ငံ၏လမ်းကြောင်းကို မလွှဲမရှောင်သာပြောင်းလဲ လျှောက်လှမ်းခဲ့ရသည်။ သို့ရာတွင် နိုင်ငံတကာမှ စီးပွားရေးအခြေအနေ သက်ရောက်မှုများကြောင့် လည်းကောင်း၊ စနစ်၏ အားနည်းချက်ကြောင့် အရင်းအနှီးအသစ်များ ဝင်ရောက်မလာနိုင်ဘဲ ရှိရင်းစွဲ အရင်းအနှီးများပင် တစ်စထက်တစ်စ ပွန်းစားလျော့ပါးလာမှုကြောင့် လည်းကောင်း၊ လူတို့၏ အားနည်းချက်ကြောင့် အနာသိလျက် ဆေးချက်ကို ထိရောက်စွာမကုစားနိုင်သည့်အတွက် လည်းကောင်း၊ အမြစ်စွဲနေသော ပြည်တွင်းသောင်းကျန်းမှုနာတာရှည်ရောဂါ၌ နိုင်ငံ၏ စွမ်းအားအရင်းအမြစ်များ တိုက်စားမျော့ပါးကုန်ကြရသောကြောင့် လည်းကောင်း၊ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ထူထောင်တည်ဆောက်ခဲ့သည့် ဆိုရှယ်လစ်လမ်းစဉ်မှာလည်း ၂၆နှစ်အကြာတွင် ပြိုလဲခဲ့ရပြန်သည်။

ထိုမှနောက်ပိုင်း၌ နိုင်ငံတစ်ဝန်းလုံး လှိုင်းကြီးလေဆန် မုန်တိုင်းထန်သည့်ကာလများကို ဖြတ်ကျော်ခဲ့ရသည်။ မတည်ငြိမ်မှုများ၊ ပြင်ပဖိအားများ၊ ပိတ်ဆို့မှုများအကြားမှ နိုင်ငံသစ်ထူထောင်ရေးအတွက် မရှိမဖြစ် အခြေခံလိုအပ်ချက်

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း၊ စည်းစည်းလုံးလုံး ညီညီညာညာ၊ အားစိုက်ခွန်စိုက် ကြိုးပမ်းအားထုတ်ကြပါမှ မိမိတို့ထက် ခြေတစ်လှမ်း၊ နှစ်လှမ်း မက သာလွန်နေသော ဒေသတွင်းနိုင်ငံများကို အလျင်အမြန် အမီလိုက်နိုင်ပေလိမ့်မည်။ နိုင်ငံကို မူလဘူတ ထူထောင်ခဲ့ကြသော ခေါင်းဆောင်များ၏ စေတနာနှင့် ဆန္ဒအတိုင်း ပြည်သူပြည်သားအားလုံး ချမ်းသာဖို့ တိုင်းပြည်စည်ပင် ကြွယ်ဝချမ်းသာဖို့ ဆောင်ကြဉ်းနိုင်ပေလိမ့်မည်။

3-1 (06).pmd 1 1/3/2010, 1:45 AM

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

မြန်မာနိုင်ငံသည် သဘာဝ အရ မြေဆီသြဇာ ကြွယ်ဝ၏။ ရာသီဥတု ကောင်းမွန်၏။ စားရေရိက္ခာဖူလုံ၏။ သယံဇာတ ပေါများ၏။ လူဦးရေ တောင့်တင်း၏။ နယ်မြေ ကျယ်ပြော၏။ ဒေသ တွင်း၌ အချက်အချာကျသော တည်နေရာကို ပိုင်ဆိုင်ထား၏။ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ကောင်းများနှင့် ပြည့်စုံသည်ဟု ပညာရှင်အများစုက တညီတညွတ် တည်း လက်ခံထားကြ၏။

စာမျက်နှာ ၆မှ

များဖြစ်သော ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် စီးပွားရေးအခြေခံ အဆောက်အအုံများကို တပ်မတော်အစိုးရက မနားမနေ ကြိုးပမ်းတည်ဆောက်ခဲ့ရသည်။ အနှစ်နှစ်ဆယ်မျှကာလအတွင်း အောင်မြင်မှုအသီးအပွင့်များ ရရှိခံစားလာရပြီ ဖြစ်သော်လည်း အပြည့်အဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ဖွယ်ရာများကား ကျန်ရှိနေဆဲပင်။

ဤသို့ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားစွမ်းပကားတို့မှာ "သမင်မွေးရင်း ကျားစားရင်း" နှင့်ပင် လွတ်လပ်ရေးရပြီးချိန်မှ နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလ ကုန်လွန်ခဲ့ရပေသည်။ စင်စစ် နှစ်ပေါင်း ခြောက်ဆယ်ဟူသော ကာလမှာ အထက်၌တင်ပြခဲ့သည့် နိုင်ငံတို့၏ အတွေ့အကြုံအရဆိုလျှင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာအောင် ထူထောင်ရေးအတွက် လိုအပ်သည်ထက်ပင် ပိုနေပါသေးသည်။ သို့ရာတွင် အကြောင်းကြောင်းသော အကြောင်းကြောင်းတို့ကြောင့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းစာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ နှေးကွေးနောက်ကျခဲ့ရသည်။

ဤအတွက် မည်သူ့ကိုမျှ အပြစ်မတင်လိုပါ။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အပြစ်တင်ပုံချနေကြ၍လည်း နောက်ကျကျန်ခဲ့သော မိမိတို့နိုင်ငံသည် အလိုအလျောက် မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာမည် မဟုတ်ပါ။

နိုင်ငံသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း၊ စည်းစည်းလုံးလုံး ညီညီညာညာ၊ အားစိုက်ခွန်စိုက် ကြိုးပမ်းအားထုတ်ကြပါမှ မိမိတို့ထက် ခြေတစ်လှမ်း၊ နှစ်လှမ်းမက သာလွန်နေသော ဒေသတွင်းနိုင်ငံများကို အလျင်အမြန် အမီလိုက်နိုင်ပေလိမ့်မည်။ နိုင်ငံကို မူလဘူတ ထူထောင်ခဲ့ကြသော ခေါင်းဆောင်များ၏ စေတနာနှင့် ဆန္ဒအတိုင်း ပြည်သူပြည်သားအားလုံး ချမ်းသာဖို့၊ တိုင်းပြည် စည်ပင် ကြွယ်ဝချမ်းသာဖို့ ဆောင်ကြဉ်းနိုင်ပေလိမ့်မည်။

မြန်မာနိုင်ငံသည် သဘာဝအရ မြေဆီသြဇာ ကြွယ်ဝ၏။ ရာသီဥတု ကောင်းမွန်၏။ စားရေရိက္ခာဖူလုံ၏။ သယံဇာတ ပေါများ၏။ လူဦးရေ တောင့်တင်း၏။ နယ်မြေ ကျယ်ပြော၏။ ဒေသတွင်း၌ အချက်အချာကျသော တည်နေရာကို ပိုင်ဆိုင်ထား၏။ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများနှင့် ပြည့်စုံသည်ဟု ပညာရှင်အများစုက တညီတညွတ်တည်း လက်ခံထားကြ၏။

သို့သော် လွတ်လပ်ရေး ရစကတည်းက "အလားအလာ" ကောင်းခြင်းသည် နှစ်ပေါင်းခြောက်ဆယ်ကျော်လာခဲ့သော်လည်း ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှုဘဝသို့ လက်တွေ့ဖော်ဆောင်နိုင်ရန် ကြိုးပမ်းနေရဆဲ။

ဤအတွက် မည်သူ့တွင်တာဝန်ရှိသည်ဟု လက်ညှိုးထိုးလွှဲချနေ၍ မရနိုင်ပါ။ ပြည်သူအားလုံး ကြွယ်ဝချမ်းသာဖို့ ပြည်သူအားလုံးတွင် တာဝန်ရှိပါသည်။ ပြည်သူအားလုံး စည်းလုံးညီညွတ်ကြဖို့လိုပါသည်။ အပြစ်တင်ပုံချခြင်းသည် တာဝန်မဲ့ခြင်း၊ စိတ်ဝမ်းကွဲပြားခြင်းများကိုသာ ဖြစ်စေပါလိမ့်မည်။ ယနေ့ အချိန်အခါသည်ကား နိုင်ငံသစ်ကိုတည်ဆောက်ကြတော့မည့် မင်္ဂလာကျက်သရေ အတိပြီးသော အခါသမယပင်ဖြစ်ပါသည်။ ပြည်သူအားလုံးတို့က ခွန်သစ်၊ အားသစ်၊ စိတ်သစ်၊ လူသစ်တို့ဖြင့် "ရွှေပြည်ထက်နန်းသို့ တက်လှမ်းချီ" ရတော့မည့် ကာလဖြစ်ပါတော့သည်။ နိုင်ငံသစ်အတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းကြပါစို့။ ။

လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်

○ တစ်ကိုးလေးရှစ်
အစစ်အမှန်၊ လွတ်လပ်သံကို
နဘံမိုးဖျား၊ တိမ်ယံကြားထိ
မြန်သားပြည်သူ၊ များဗိုလ်လူတို့
အတူတကွ၊ ရယူကြခဲ့
သာစွမြန်ပြေ၊ ပန်းပေါင်းဝေတည့်။

○ ဤသို့လွတ်လပ်၊ ပန်းမြတ်တော်ဝင်
ရွှေသဇင်ကို၊ ပန်ဆင်ရဖို့
ငါတို့ဘိုးဘွား၊ ညီနောင်များ၏
သွေးသားအသက်၊ ရင်းနှီးဆက်ခဲ့
မေ့ရက်စရာ၊ မရှိပါတည့်။

○ လွတ်လပ်ရေးအမွေ၊ တည်တံ့စေဖို့
မသွေဆက်ဆက်၊ ညီညာယှက်၍
တွဲလက်ခိုင်ခိုင်၊ မယိမ်းယိုင်ဘဲ
မြဲမြံသည့်စိတ်၊ မျိုးချစ်စိတ်ဖြင့်
မမှိတ်မသုန်၊ စောင့်ရှောက်ကုန်လော့။

○ စဉ်လာပြောထုံး၊ ပေါင်းရုံးညီညာ
စည်ကာဝေဝေ၊ တာဝန်တွေကို
ဒို့တွေခေတ်သား၊ ထမ်းကာထားစို့
ငါတို့တာဝန်၊ စဉ်ကျေပွန်အောင်
ချည်နှောင်သတိ၊ ဖွဲ့ရှိရှိဖြင့်
တိုင်းသိပြည်ကုန်၊ ကြိုးပါကုန်လော့။

○ မနဲ့မယိုင်
ပြည်ခိုင်စည်ဖြိုး၊ အမျိုးဂုဏ်တက်
လန်းရွှင်လျက်သာ၊ ဤကမ္ဘာဝယ်
ဘယ်ခါမပျက်၊ တည်လျက်ရှည်ကြာ
ပြည်မြန်မာလျှင်၊ ထည်ဝါတင့်ကြောင်း
ဆုမွန်တောင်းလျက်
အကောင်းဖက်မြင်၊ ဆိုးမထင်ဘဲ
ကျိုးလျှင်မျှတ၊ စွမ်းဆောင်ကြအံ့
မြန်မာ့အနာဂတ်၊ ဒို့ခိုင်မတ်မည်
လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်။
တစ်ဝန်းပြည်ရွာ ခြိမ့်ခြိမ့်ညံ။
မြန်မာ့အောင်လံ ဒို့အောင်လံ။ ။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဘိုမျိုး(ရွှေဘို)

လွတ်လပ်တဲ့ ဒို့တိုင်းပြည်

❒ လွတ်လပ်တဲ့ ဒို့တိုင်းပြည်…။
ကိုယ့်အချုပ်အခြာ
ကိုယ့်အာဏာ ကိုယ်ပိုင်စိုး
တန်ခိုးထက်သည်။
ဒို့ပြည်သူ ဒို့အကျိုး
ဒို့မျှော်ကိုး ဒို့ဆောက်တည်
ဒို့ပြည်ရဲ့ အနာဂတ်အရေး။
စည်းရိုး ကိုယ်တိုင်ကာ
ဝမ်းစာကို ကိုယ်တိုင်ပျိုး
ကျားဆိုးရန် ကိုယ်တိုင်နှိမ်လို့
မျိုးဂုဏ်ရှိန် ကိုယ်တိုင်မြှင့်
တင့်တယ်စွလေး။

❒ လွတ်လပ်တဲ့ ဒို့တိုင်းပြည်…။
စီးပွားကိုယ်ပိုင်
ကြီးပွားသမျှ ကိုယ်သာဆိုင်ရဲ့
ကိုယ့်နိုင်ငံ ကိုယ်ပိုင်လမ်း
လျှောက်လှမ်းဝင့်ချီ။
ဘယ်သောအခါ မျိုးမာန်မချ
ဘယ်သူ့မှ မခိုမှီ
သတိုးသာကီ မြန်မာမျိုး။
ကမ္ဘာ့အလယ်
ဂုဏ်ဝင့်ထည် တစ်ခေတ်ဆန်းရအောင်
စွမ်းဆောင်သယ်ပိုး။

❒ လွတ်လပ်တဲ့ ဒို့တိုင်းပြည်…။
ဘေးစကား နားယောင်လို့
ဒို့ညီနောင် သွေးမကွဲ
တွဲလက်ခိုင်ကျည်။
ကိုယ့်စခန်း ကိုယ်ဆောက်
ကိုယ့်လမ်း ကိုယ်ဖောက်လို့
ကိုယ်လှမ်းမှ ကိုယ်ရောက်မည်
ညီစေကွယ့် ရှေ့ခရီး။
တိုင်းရင်းသား ဒို့ပြည်သူ
ရိုင်းပင်းအား မချို့ညီတူလို့
ဒို့ကြည်ဖြူ ဘယ်မခွဲ
တွဲလက်စုစည်း။ ။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဇော်မင်းမင်းဦး

လွတ်လပ်ရေး၏ အရသာ

ကာတွန်း – ဦးဗကလေး

ပြည်ထောင်စုတစ်ဝန်း ရေအရင်းအမြစ်များ ဖူလုံပိုလျှံစွာ ဖော်ထုတ်အသုံးချနိုင်ရေး နိုင်ငံအနှံ့ ဆည်မြောင်းတမံများ စုဖွဲ့ဖြည့်ဆည်း တည်ဆောက်ပေးထား

မြန်မာ့လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ရောင်ခြည်သစ်များပေါ်ထွန်းခဲ့ပြီ

*** ရှေ့ဖုံးမှ**

ယနေ့ကာလတွင် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းလျက်ရှိသကဲ့သို့ လူမှုစီးပွားဘဝသည်လည်း စည်ပင်ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးနေသည်။ ပိုမိုတိုးတက်ဖွံ့ဖြိုးလာဦးမည့် အရိပ်အရောင်များလည်း မြင်သာထင်သာ ရှိနေသည်။

ဆယ်စုနှစ် နှစ်ခုသောကာလအပိုင်းအခြားအတွင်း မြန်မာ့မြေ၌ အပေါင်းလက္ခဏာများ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ ယင်းတို့အနက် စိုက်ပျိုးရေးအတွက် မရှိမဖြစ်လိုအပ်သော ရေအရင်းအမြစ်များရရှိရန် နိုင်ငံအနှံ့ ဆည်တမံများအသစ်ပေါ်ထွန်းလာမှုသည်လည်း တစ်ခုအပါအဝင်ပင် ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးအတွက် အသက်တမျှအရေးပါသော စိုက်ပျိုးရေ အရင်းအမြစ်ကို ဖူလုံပိုလျှံစွာ ဖော်ထုတ်အသုံးချနိုင်ခဲ့ပြီဖြစ်ရာ "လယ်ယာချောင်းမြောင်း" ဟူသော စကားစုနှင့် "ဆည်မြောင်းချောင်းကန်" ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို အပြည့်အဝ နားလည်လာခဲ့သည်။

အသုံးချနိုင်

မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးနောက် ၆၂နှစ် သက်တမ်းအတွင်းတွင် နှစ် ၄၀နီးပါးမျှ နိုင်ငံတော်အစိုးရ အဆက်ဆက်တို့အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြသော်လည်း ပြည်တွင်းတည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့ခြင်းနှင့် အကြောင်းကြောင်းသော အကြောင်းကြောင်းများကြောင့် ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ဆည်တမံဟူ၍ ၁၃၈ခုသာ ရှိခဲ့သည်။ ရေသွင်းစိုက်ဧက ၁၃သိန်း ၃သန်းသာရှိခဲ့သဖြင့် သီးထပ်စိုက်ဧရိယာအဖြစ် စိုက်ပျိုးမြေဧက ၃ဒသမ ၈သန်းကျော်သာ အသုံးချနိုင်ခဲ့သည်။

ကြီးစွာအကျိုးပြု

၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ဆည်တမံအသစ်များ တည်ဆောက်နိုင်ခဲ့သည်။ ပြည်နယ်နှင့် တိုင်း ၁၄ခုတွင် တည်ဆောက်ပေးခဲ့သော ဆည်တမံနှင့် မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေ ရရှိရေးစီမံကိန်းများ၏ ကြီးစွာသောအကျိုးပြုမှုကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များမှာ အဆပေါင်းများစွာ မြင့်တက်ခဲ့သည်။

ကြိုးပမ်းခဲ့

ဤသို့ စိုက်ပျိုးရေးကဏ္ဍ ထွက်ကုန်မြင့်တင်ရာတွင် အဓိကအရင်းအမြစ်မှာ မြေနှင့်ရေပင်ဖြစ်သည်။ စိုက်ပျိုးမြေဧရိယာများ တိုးချဲ့ခြင်းနှင့်အတူ စိုက်ပျိုးရေရရှိရေးအတွက် အထူးဝါယမထုတ် ကြိုးပမ်းခဲ့ရာ ၁၉၈၈ခုနှစ်တွင် စိုက်ပျိုးမြေဧက ၂၃ဒသမ ၈သန်းသာ ရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၅၆ဒသမ ၉သန်းအထိ တိုးတက်လာသည်။

နိုင်ငံတော်က တိုးတက်ဖြစ်ထွန်းလာသော စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေရရှိရေးကို ဘက်ပေါင်းစုံမှ ဖြည့်ဆည်းပေးခဲ့ရာ ၁၉၈၈မှ ၂၀၀၉ခုနှစ်အတွင်း ရေလှောင်တမံစီမံကိန်းပေါင်း ၂၂၈ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ခု၊ မြေအောက်ရေ ရရှိရေးအတွက် ရေတွင်းပေါင်း ၈၀၀၁ တွင်း တူးဖော်ပေးနိုင်ခဲ့သည့်အပြင် ဆည်ငယ်၊ ကန်ငယ်များကိုလည်း ပြုပြင်တည်ဆောက်ပေးခဲ့သည်။

ပြိုင်းချောင်းရေလှောင်တမံ

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ပြိုင်းချောင်းရေလှောင်တမံသည် စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် အကျိုးပြုနေပြီ။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အ

ဆည်တမံစီမံကိန်းမျ

တည်ဆောက်ပေးခဲ့သော ဆည်တမံများ
၁၇ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော စစ်ကိုင်း
သဖန်းဆိပ်ရေလှောင်တမံကြီးမှာ မြန်မာနိုင်ငံ
တောင်အာရှတွင် အရှည်လျားဆုံး ဆည်တမံ
မှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြ
၂၂၅၈၇ပေ (လေးမိုင်)ကျော်ရှိကာ ကုန်း
တင်စားခဲ့ကြသည်။ ပမာဏကြီးမားသလော

ရှေးမြန်မာမင်းများလက်ထက်မှ ၁၉၈၈ ခုနှစ်အထိ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်တမံ ၁၃၈ ခုရှိခဲ့ပြီး အကျိုးပြုဧက ၁ ဒသမ ၃သန်းသာရှိခဲ့။ ၁၉၈၈ ခုနှစ်မှ ၂၀၀၉ခုနှစ် နိုဝင်ဘာလကုန်အထိ ဆည်ကန်ပေါင်း ၂၂၈ ခုကို အကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး အကျိုးပြုဧက ၂ ဒသမ ၈၂သန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် (နှစ်ဆ)ကျော် တိုးတက်လာ။ စုစုပေါင်း အကျိုးပြုဧက ၄၁ ဒသမ ၅၂သိန်းကျော်အထိ တိုးတက်လာခဲ့။

ဆည်မြောင်းဦးစီးဌာနက ဆက်လက်တည်ဆောက်ဆဲ ဆည်နှင့်ရေလှောင်တမံစီမံကိန်း ၂၇ခုရှိပြီး အဆိုပါစီမံကိန်းများ ဆောင်ရွက်ပြီးစီးပါက အကျိုးပြုဧက ၁ ဒသမ ၂၃သန်း ထပ်မံတိုးတက်လာမည်ဖြစ်သည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား ၂၁၃၆ ဒသမ ၃၀ မဂ္ဂါဝပ်လည်း ထုတ်လုပ်နိုင်မည်။

စပါးနှင့် အခြားသီးနှံဧက ၄၇၀၀ကျော်အတွက် ဧရာဝတီမြစ်ရေတင်ပေ
နေသည့် မကွေးခရိုင် ချောက်မြို့နယ် စလေဒေသ ဥမင်ကိုးပေါက် မြစ်ရေတ
စီမံကိန်း....။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် ခတက္ကန်ကျေးရွာအနီး ရေထွက်ချောင်းကိုပိတ်၍ တည်ဆောက်ထားသော ဇောမိတထောင် ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဆည်တမံစီမံကိန်းများ

တည်ဆောက်ပေးခဲ့သော ဆည်တမံများအနက် ၂၀၀၁ခုနှစ် ဧပြီလ ၁၇ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံကြီးမှာ မြန်မာနိုင်ငံ၌ အကြီးဆုံးနှင့် အရှေ့တောင်အာရှတွင် အရှည်လျားဆုံး ဆည်တမံကြီးဖြစ်သည်။ ဤတမံကြီးမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၀၈ပေ၊ တမံအလျား ၂၂၅၈၇ပေ (လေးမိုင်)ကျော်ရှိကာ ကုန်းတွင်းပင်လယ်ငယ်ဟုပင် တင်စားခဲ့ကြသည်။ ပမာဏကြီးမားသလောက် ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ ဘုတလင်နှင့် အရာတော်မြို့နယ်တို့ရှိ စိုက်ပျိုးမြေဧရိယာဧက ငါးသိန်းကျော်ကို တစ်နှစ်ပတ်လုံး သီးနှံများ စိမ်းလန်းနေစေရန် စိုက်ပျိုးရေ ပေးဝေပေးလျက်ရှိသည်။

ဆောင်ရွက်နိုင်

ရှေးမြန်မာမင်းများလက်ထက်မှ ၁၉၈၈ခုနှစ်အထိ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်တမံ ၁၃၈ခုရှိခဲ့ပြီး အကျိုးပြုဧက ၁ဒသမ ၃သန်းသာရှိခဲ့သည်။ ၁၉၈၈ခုနှစ်မှ ၂၀၀၉ခုနှစ် နိုဝင်ဘာလကုန်အထိ ဆည်ကန်ပေါင်း ၂၂၈ခုကို အကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး အကျိုးပြုဧက ၂ဒသမ ၈၂သန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် (နှစ်ဆ)ကျော် တိုးတက်လာခဲ့သည်။ စုစုပေါင်း အကျိုးပြုဧက ၄ဒသမ ၅၂သိန်းကျော်အထိ တိုးတက်လာခဲ့သည်။

ထုတ်လုပ်နိုင်မည်

ဆည်မြောင်းဦးစီးဌာနက ဆက်လက်တည်ဆောက်ဆဲ ဆည်နှင့် ရေလှောင်တမံစီမံကိန်း ၂၇ခုရှိပြီး အဆိုပါ စီမံကိန်းများ ဆောင်ရွက်ပြီးစီးပါက အကျိုးပြုဧက ၁ဒသမ ၂၃သန်း ထပ်မံတိုးတက်လာမည်ဖြစ်သည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား ၂၁၃၆ဒသမ ၃၀ မဂ္ဂါဝပ်လည်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လူဦးရေတိုးတက်လာသည်နှင့်အညီ စားနပ်ရိက္ခာ လိုအပ်ချက်သည်လည်း မြင့်တက်လာမည်ဖြစ်ရာ သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် လယ်ယာမြေများ ဖော်ထုတ်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများမှာလည်း အရေးပါနေမည်ဖြစ်ရာ ဆည်မြောင်းဦးစီးဌာနက ထပ်မံတည်ဆောက်နိုင်မည့် ဆည်မြောင်းစီမံကိန်းပေါင်း ၁၀၀ ရှာဖွေထားကြောင်းသိရှိရသည်။

သီးနှံဧက ၄၇၀၀ကျော်အတွက် ဧရာဝတီမြစ်ရေတင်ပေး
ချောက်မြို့နယ် စလေဒေသ ဥမင်ကိုးပေါက် မြစ်ရေတင်
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနသည် ၂၀၀၉ခုနှစ် ဒီဇင်ဘာလကုန် အထိ အထူးစီမံကိန်းများ အပါအဝင် လယ်ယာမြေ ၄၆၇၀၂၈ ဧကအား စိုက်ပျိုးရေ ပေးဝေနိုင်သော မြစ်ရေတင်လုပ်ငန်း ပေါင်း ၃၂၂ခုကို တည်ဆောက်ပေးနိုင်။ ယင်းတို့အနက် မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့ တွင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းအနေဖြင့် အထူးစီမံကိန်း ၁၆ခုအပါအဝင် မြစ်ရေတင် လုပ်ငန်း ၁၈၈ ခု၊ အကျိုးပြုဧက ၃၂၆၇၉၅ ဧက ရရှိအောင် ဆောင်ရွက်နိုင်ခဲ့။

မြစ်ရေတင်စီမံကိန်းများ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် ၂၀၀၉ခုနှစ် ဒီဇင်ဘာလကုန်အထိ အထူးစီမံကိန်းများအပါအဝင် လယ်ယာမြေ ၄၆၇၀၂၈ဧကအား စိုက်ပျိုးရေ ပေးဝေနိုင်သော မြစ်ရေတင် လုပ်ငန်းပေါင်း ၃၂၂ခုကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ယင်းတို့အနက် မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့တွင် စိုက်ပျိုးရေရရှိရေး လုပ်ငန်းအနေဖြင့် အထူးစီမံကိန်း ၁၆ခုအပါအဝင် မြစ်ရေတင်လုပ်ငန်း ၁၈၈ခု၊ အကျိုးပြုဧက ၃၂၆၇၉၅ ဧက ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မြေအောက်ရေ

ထိုနည်းတူ မြေအောက်ရေဖြင့် စိုက်ပျိုးရေးစီမံကိန်းကြီးများဖြစ်သော စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင် ၉၉ ကန်ရေလှို်တွင်း၊ မုံရွာလျှပ်စစ်စက်ဝိုင်းမှ စက်ရေတွင်း၊ အရာတော် ခင်ဦးဒေသ ရေလှို်တွင်းများနှင့် မန္တလေးတိုင်း မိတ္ထီလာ-သာစည်ဒေသရှိ ရေလှို်တွင်း၊ ပျော်ဘွယ်-ဘုရားငါးဆူဒေသရှိ ရေလှို်တွင်းအချို့အပါအဝင် စက်ရေတွင်း ၅၀၂၂တွင်း၊ လက်ရိုက်ရေတွင်း ၂၉၇၉တွင်း စုစုပေါင်း ၈၀၀၁တွင်း တူးဖော်ခဲ့ပြီး စိုက်ပျိုးမြေ ၉၈၃၅၅ဧကအပြင် သောက်သုံးရေအတွက်ပါ အကျိုးပြုနိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို အကျိုးပြုလျက်ရှိသည့် ကန့်ဘလူမြို့နယ်ရှိ လင်ပန်းရေလှောင်တမံ။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စာမျက်နှာ ၉မှ

အကျိုးပြုဧက

ထို့အပြင် မြေအောက်ရေ လုပ်ငန်းအနေဖြင့် မိတ္ထီလာ-သာစည် ဒေသတွင် စက်ရေတွင်းနှင့် လက်ရိုက်တွင်း စုစုပေါင်း ၃၇၇တွင်း၊ အကျိုးပြုဧက ၅၄၁၀ ၊ ပျော်ဘွယ်-ဘုရားငါးဆူဒေသတွင် စက်ရေတွင်း ၃၀၊ အကျိုးပြုဧက ၄၅၀ စုစုပေါင်း အကျိုးပြုဧက ၅၈၆၀ စိုက်ပျိုးရေ ပေးဝေနိုင်အောင် ဆောင်ရွက်ခဲ့သည်။

နိုင်ငံအနှံ့မြင်တွေ့နိုင်

ဆည်မြောင်း၊ ကန်ချောင်း၊ရေဖွေးဖွေး၊ ကောက်ပင်ယိမ်းနွဲ့၊ စိမ်းလဲ့လဲ့တို့ဖြင့် မြသားကမ္ဗလာဆင်ထားသည့် ကွင်းပြင်ကျယ်တို့နှင့် ထိစပ်နေသော လူနေအိမ်ခြေများက သွပ်အဖွေးသား၊ စက်တပ်ယန္တရားများဖြင့် ထွန်ရေးငင်နေသော လယ်ယာလုပ်သားများ၊ ပြောင်းလဲတိုးတက်လာသော လူနေမှုဘဝဖြင့် မြန်မာ့လယ်ယာကို အသွင်သစ်ဖြင့် နိုင်ငံအနှံ့ မြင်တွေ့နိုင်မည် ဖြစ်ပါသည်။

သဘာဝတရား၏ မျက်နှာသာပေးမှုကြောင့် ရရှိထားသော ရေမြေသယံဇာတကို အပြည့်အဝ ထုတ်ဖော်အသုံးချနိုင်ခြင်းဖြင့် ပြည့်စုံကြွယ်ဝသော လူမှုဘဝကို တည်ထောင်နိုင်မည့် အခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်အသုံးချကာ မြန်မာ့လယ်ယာကဏ္ဍ ထုတ်ကုန်မြင့်မားတိုးတက်ရေးအတွက် မီးကုန်ယမ်းကုန် လက်ဆင့်ကမ်း ကြိုးပမ်းကာ နိုင်ငံတော်၏ ကြီးမြတ်သောစေတနာကို တုံ့ပြန်ကြရန် အလေးအနက် တိုက်တွန်းလိုက်ရပေသည်။ ။

တပ်မတော်အစိုးရလက်ထက် တိုးတက်ဆောင်ရွက်ပေးခဲ့သည့် စိုက်ပျိုးရရှိမှု အကျိုးပြုဧကများ

အမျိုးအမည်	ရေတွက်ပုံ	မြန်မာမင်းများလက်ထက်မှ ၁၉၈၈ ထိ	၁၉၈၈ မှ ၂၀၀၉ ထိ	တိုးတက်မှု
ဆည်၊ ကန်၊ တာတမံ				
-ဆောင်ရွက်ပြီးလုပ်ငန်း	ခု	၁၃၈	၃၆၆	၂၂၈
-ဆောင်ရွက်ဆဲလုပ်ငန်း		-	၂၇	၂၇
အကျိုးပြုဧရိယာ	ဧက	၁၃၃၆၁၉၉	၄၁၆၂၄၇၄	၂၈၂၆၂၇၅
မြစ်ရေတင်နှင့် မြေအောက်ရေလုပ်ငန်း				
(မြစ်ရေတင်)				
-ဆောင်ရွက်ပြီးလုပ်ငန်း	ခု	-	၃၂၂	၃၂၂
အကျိုးပြုဧရိယာ	ဧက		၄၆၇၀၂၈	၄၆၇၀၂၈
မြေအောက်ရေတွင်း	ခု	-	၈၀၀၁	၈၀၀၁
-အကျိုးပြုဧရိယာ	ဧက	-	၉၈၃၅၅	၉၈၃၅၅
မြစ်ရေတင်/မြေအောက်ရေ				
-ဆောင်ရွက်မည့်လုပ်ငန်း	ခု	-	၄၁	၄၁
အကျိုးပြုဧရိယာ	ဧက	-	၂၆၂၇၈၁	၂၆၂၇၈၁
ချောင်းမြောင်းတမံပိတ်ဆို့မှု				
အကျိုးပြုဧရိယာ	ဧက	-	၁၈၄၅၇၀	၁၈၄၅၇၀



မကွေးတိုင်း ပခုက္ကူမြို့နယ် ကြီးရွာမြစ်ရေတင်စီမံကိန်းမှ လယ်ယာမြေဧက ၅၀၀၀အတွက် ဧရာဝတီမြစ်ရေများကို သံပိုက်လုံးကြီးများဖြင့် ဤသို့ စုပ်ယူသယ်တင်ကာ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဆက်လက်ဆောင်ရွက်မည့် မြစ်ရေတင်လုပ်ငန်းအနေဖြင့် အထူးစီမံကိန်း ၂၀၊ အကျိုးပြုဧက ၂၃၂၃၀၀၊ ဌာနလုပ်ငန်း ၂၁ခု၊ အကျိုးပြုဧက ၃၀၄၈၁ အပါအဝင် လုပ်ငန်းပေါင်း ၄၁ခု စုစုပေါင်း အကျိုးပြု ၂၆၂၇၈၁ ဧကကိုလည်းကောင်း၊ မြေအောက်ရေလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအတွက် မိတ္ထီလာ-သာစည်ဒေသနှင့် ပျော်ဘွယ်-ဘုရားငါးဆူဒေသတို့တွင် စက်ရေတွင်း၊ လက်ရိုက်တွင်းများကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏အစီအမံဖြင့် လယ်ယာကဏ္ဍ၏ အခြေခံအဆောက်အအုံများကို အချိန်တိုအတွင်း တည်ဆောက်ဖြည့်ဆည်းလာနိုင်မှုကြောင့် မြန်မာ့လယ်ယာမြင်ကွင်းမှာ စိမ်းစိုတက်ကြွလာခဲ့ပြီဖြစ်သည်။ ၁၉၈၈ ခုနှစ်က သီးနှံစိုက်စွမ်းအား ရာခိုင်နှုန်း ၁၂၀သာရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ၁၇၁ဒသမ ၁ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ရှိဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းနှင့် နောင်တွင် ရေရှည်မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များမှာ နိုင်ငံတော်၏ အနာဂတ်အတွက် အခြေခံအုတ်မြစ်များသဖွယ် ဖြစ်သည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့်တိုင်းအလိုက် တည်ဆောက်ဆဲ ဆည်တမံစီမံကိန်းများ

စဉ်	ပြည်နယ်/တိုင်း	ဆည်တမံ အရေအတွက်	အကျိုးပြုဧရိယာ (ဧက)	ရေသိုလှောင် ပမာဏ(ဧကပေ)	ထုတ်ယူရရှိမည့် ရေအားလျှပ်စစ်ပမာဏ
၁	ကချင်	၁	၅၀၀၀	၂၂၅၈၆	
၂	ကရင်	၁	၃၀၀၀	၃၆၀၀၀	
၃	စစ်ကိုင်း	၇	၁၀၆၄၅၅၀	၂၇၅၅၀၈၀၉	၁၅၈၄ မဂ္ဂါဝပ်
၄	တနင်္သာရီ	၁	၃၂၀၀	၂၂၀၇၈၀	၅.၀ မဂ္ဂါဝပ်
၅	ပဲခူး	၃	၁၁၇၀၀၀	၈၄၈၅၃၀	၄၀ မဂ္ဂါဝပ်
၆	မကွေး	၅	၁၂၈၄၀	၂၄၇၄၉၇၁	၃၀၆ မဂ္ဂါဝပ်
၇	မန္တလေး	၅	၆၄၀၀	၆၀၃၈၀၀	၆၀.၃၀ မဂ္ဂါဝပ်
၈	ရခိုင်	၁	-	-	-
၉	ရှမ်း	၂	-	၇၀၄၉၀၀	၃၆.၀၀ မဂ္ဂါဝပ်
၁၀	ဧရာဝတီ	၁	၂၅၀၀၀	၁၄၈၈၀၀	၅ မဂ္ဂါဝပ်
	စုစုပေါင်း	၂၇	၁၂၃၆၉၉၀	၃၂၆၂၇၉၇၆	၂၀၃၆.၃၀ မဂ္ဂါဝပ်

တိုင်းမှူး ပိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ပိုလ်ချုပ်သိန်းဆွေ အမ်းမြို့ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် သယု(ပဲပဒုံ) ကြိုးတံတား တည်ဆောက်ရေး စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်တို့ လိုက်ပါလျက် ဒီဇင်ဘာ ၂၇ရက် နံနက် ၈နာရီတွင် အမ်းမြို့ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်း အမှတ် (၆) တည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်နိုင်ထွန်းက အမ်းချောင်း ရေအားလျှပ်စစ် စီမံကိန်း ရည်ရွယ်ချက်၊ စီမံကိန်း ဖြစ်ပေါ်လာပုံနှင့် တည်နေရာ၊ စီမံကိန်းဆိုင်ရာ မြေသားတမံတည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း၊ ရေလွှဲ၊ ရေထုတ်ပြွန်နှင့် ရေယူအဆောက်အအုံတည်ဆောက်ခြင်း၊ စီမံကိန်းပစ္စည်းများ စုဆောင်းရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မြေသားတမံတည်ဆောက်နေမှု၊ ရေပိုလွှဲတည်ဆောက်မည့်နေရာနှင့် မြေကြီးမြေသားတူးဖော်ပြီးစီးမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး သယု(ပဲပဒုံ) ကြိုးတံတား တည်ဆောက်ရေးစီမံကိန်း၌ ကြိုးတံတားတည်ဆောက်မှုလုပ်ငန်း ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကတ္တရာထပ်ပိုးလွှာခင်း

ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ချောက်မြို့ အမှတ် (၁)ရပ်ကွက် အဝင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၆ရက်က အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့်လက်ထောက်အင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဒဂုံအထက (၁)၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၄၆၁ ဦးအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကျောင်းဝတ်စုံဖြင့် မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (မြန်မာ့အလင်း)

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁)ထွက်နေပြီ

ရန်ကုန် ဇန်နဝါရီ ၂

မကာရရာသီ အခါသမယ ပြာသိုလ၏ ရာသီပန်းများဖြစ်သော ခွာညိုပန်းရန့်များနှင့်အတူ ကျေးလက်နေ ပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁)ကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးအလေအလွင့်ပျောက်စေမည့် စက်မှုလယ်ယာစနစ်၊ စားသုံးဆီဖူလုံမှုကို အထောက်အကူပြုသည့် ဝါသီးနှံ၊ ပဲတီစိမ်းစိုက်ပျိုးရေး၊ စိုက်ပျိုးရေစနစ်တကျ အသုံးပြုပါစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ပေးသည့်ဆုနှင့်ပြည့်စေချင်ပါသည်၊ ယူနီစန်နွားမွေးမြူရေးလုပ်ငန်းမှသည် နန်းဝေနို့မှုန့်သို့၊ ဝက်ကျန်းမာရေးကာကွယ် စောင့်ရှောက်ပေး စသည့် မွေးမြူရေးဆောင်းပါးများ၊ ခေါင်းကိုက်ခြင်းနှင့် နောက်ဆက်တွဲ ရောဂါများ၊ ကျန်းမာရေးအတွက်အရေးပါသော ဟင်းသီးဟင်းရွက်၊ ဝက်ခြံကာကွယ်ခြင်းနှင့်အလှဆင်ပါ၊ လူတိုင်းသတိပြုဆင်ခြင်ပါ HIV ကူးစက်ရောဂါ စသည့် ကျန်းမာရေးဆောင်းပါးများ၊ ထိန်းသိမ်းအပ်ပေ ဘိုးဘွားအမွေ၊ နာမည်နှင့်လူ၊ လေးစားမြတ်နိုးရမည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ၊ ဇာတ်တော်ကြီးများမှပေးသော သိကောင်းစရာလောကဓမ္မများ၊ သိမှတ်ဖွယ်ရာ မြန်မာ့ရိုးရာ လက်ထပ်မင်္ဂလာစသည့် အသိပညာပေး၊ သုတ၊ ရသ ဆောင်းပါးများ၊ ကူဝိတ်နိုင်ငံအကြောင်း သိကောင်းစရာ၊ စီးပွားရေးပြန်လည် ဦးမော့ရန် ဂျပန်ဗဟိုဘဏ်က ဒေါ်လာ ၁၁၆ ဘီလီယံ စိုက်ထုတ်မည်၊ ၂၀၂၀ ပြည့်နှစ်တွင် ဆန်တန်ချိန် သန်း ၅၄၀ အထိ တရုတ်တိုးမြှင့် ထုတ်လုပ်မည် စသည့် နိုင်ငံတကာသတင်း၊ ဆောင်းပါးများ၊ အားကစားသတင်းများနှင့် အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့တဲ့အတွက် ဖော်မပြနိုင်လောက်အောင် ဝမ်းသာမိတယ်ဆိုတဲ့ ဆရာကြီး ဒေါက်တာကျော်စိန်နှင့် တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ ညောင်ပင်တစ္ဆေဝေလေလေ အခန်းဆက် ဝတ္ထုရှည်တို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်းနှင့် ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၃၀ ၈။ International News
- ၈း၃၅ ၉။ Crossroads Cafe (Episode-21) (Walls and Bridges)

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၆၀)
- ၁၂း၃၀ ၅။ Golf Magazine(TV)
- ၁၂း၅၀ ၆။ မြန်မာရုပ်ရှင် **တိုက်ပွဲခေါ်သံ** သီဟတင်စိုး၊ မင်းဦး၊ညွှန့်ဝင်း၊ ဇော်လင်း၊ ဇင်မာဦး၊ ဆွေဇင်ထိုက် (ဒါရိုက်တာ-မောင်တင်ဦး)
- ၁၄း၄၀ ၇။ International News

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မကွေး F.C နှင့် Southern Myanmar F.C)
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ တစ်မျက်နှာ တစ်ကွက်စာ
- **ပွင့်ခြောက်သံစဉ်** သံဃာဂီတွန်း၊ ဖြိုးမြင့်မိုရ်ဟိန်း၊ နှိုင်းထက်ခင်၊ သီရိဝေ၊ အိန္ဒြာကျော် (ဒါရိုက်တာ-အေဝမ်းသန်းထွဋ်)
- ၆း၄၅ ၆။ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၁)
- ၇း၄၅ ၈။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှ
- ၈း၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၇၄)
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာ ချစ်သံသာ** (အပိုင်း-၂၆)
- ၁၄။ **ရုပ်သံကြော်ငြာများ**
- ၁၅။ အစီအစဉ်ပြီး၏။

ထူးခြားသည့် ညအပူချိန်

၂-၁-၂၀၁၀

လှိုင်လင်မြို့	-၃ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	-၂ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	-၂ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၁ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၁ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၂ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၃ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့	၃ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၄ဒီဂရီစင်တီဂရိတ်
မချမ်းဘောမြို့	၄ဒီဂရီစင်တီဂရိတ်
ကသာမြို့	၄ဒီဂရီစင်တီဂရိတ်
မင်းတပ်မြို့	၄ဒီဂရီစင်တီဂရိတ်
ရွှေဘိုမြို့	၄ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၄ဒီဂရီစင်တီဂရိတ်

မြဝတီရုပ်မြင်သံကြား

၃-၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး** ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၁၂)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ချစ်သူသားငယ်**
- ၁၃း၃၀ ၆။ ကျန်းမာသုတ
- ၁၃း၄၅ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား**(အပိုင်း-၅၆)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၀။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၁။ ဘဝကြေးမုံ **ပုစွန်ဆိတ်ကလေး** သရုပ်ဆောင်-ဝင်းနိုင်(အနုပညာ)၊သူရအောင်၊ ငွမ်းပုံကြီး၊ အေသင်ချိုဆွေ၊
- ၆း၄၅ ၁၂။ ဂင်းနက်စ်စံချိန်တင် ပြိုင်ပွဲများ
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၃၅)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၁၈)

ဒီဇင်ဘာ၂၇ရက်က ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့၌ ဗုဒ္ဓပူဇနိယပွဲတော်တွင် စတုဒိသာကျွေးမွေးနိုင်ရန်အတွက် မင်္ဂလာဒုံမြို့နယ် ပညာရေးမိသားစုက လှူဒါန်းသော အလှူငွေ ကျပ်၄၅၈၈၀၀ကို ပညာရေးမိသားစုကိုယ်စား အထက(၃)ကျောင်းအုပ်ဆရာကြီး ဦးကျင်လှိုင်က ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (ပညာရေး)

သာကေတ အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

သာကေတမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၃-၂-၂၀၀၂ ရက်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့် အငြိမ်းစားယူခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား (၁၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)သာကေတ မြဝတီခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးမောင်ဝင်း ဖုန်း-၂၁၇၁၅၄၊ ၃၇၁၉၇၄၊ ဦးမင်းဟန် ဖုန်း-၅၄၃၂၈၈၊ ဒေါ်အေးသန်း ဖုန်း- ၅၄၁၄၇၉၊ ၀၉-၅၁-၂၂၇၈၁၊ ဒေါ်စန်းစန်း ဖုန်း-၅၅၆၅၇၅၊ ၀၉-၅၁-၇၆၀၉၁၊ ဦးစိုးသိန်း ဖုန်း-၃၇၈၈၅၈၊ ၀၉-၅၁-၀၈၃၈၅၊ ဦးအေးမြင့်မောင် ဖုန်း- ၀၉-၅၁-၅၉၃၂၉၊ ဦးရဲချစ် ဖုန်း-၅၅၈၃၂၀၊ ဒေါ်တင်တင်သောင်း ဖုန်း-၀၉-၅၁-၂၇၇၁၀၊ ၂၀၅၅၉၉လိုင်းခွဲ ၁၀၁၊ ဦးကျော့ရှင်း ဖုန်း-၅၄၁၇၅၇၊ ဦးနီကိုလေး ဖုန်း- ၅၅၇၂၉၉၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁-၉၃၉၇၉နှင့် ဒေါ်ကြည်ကြည်မြင့် ဖုန်း-၀၉-၅၁-၃၉၇၆၂တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တစ်ပြည်လုံးတွင် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

<u>ယနေ့ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ သာယာမည်။
<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ သာယာမည်။
<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ သာယာမည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို
မုံရွာ-ဗောဓိတထောင် ရထားလမ်းပိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့ပတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း မုံရွာ-ဗောဓိတထောင် ရထားလမ်းပိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့နယ်ရှိ အောင်သာဘူတာ ဥပစာရှေ့၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

အထူးရထား စတင်ပြေးဆွဲ

မုံရွာ မြို့ပတ်ရထားလမ်း အစိတ်အပိုင်း တစ်ခုဖြစ်သော အောင်သာ-ဗောဓိတထောင် ရထားလမ်းသစ်တွင် အထူးရထား စတင်ပြေးဆွဲစဉ်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျင်းပမည့် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များမှ ထိုနေ့နံနက် ၆နာရီ ၄၅မိနစ်မှ စတင်ပြီး အခမ်းအနား ကျင်းပရာ နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

❖ အားသစ်ညီညီ-ရွှေပြည်ထက်နန်းဆီ၊ တက်လှမ်းချီ
ရန်ကြီးအောင်၏ ဆောင်းပါး စာ-၆၊ ၇

❖ ပြည်ထောင်စုတစ်ဝန်း ရေအရင်းအမြစ်များ ဖူလုံပိုလျှံစွာ ဖော်ထုတ် အသုံးချနိုင်ရေး နိုင်ငံအနှံ့ ဆည်မြောင်းတမံများ စုဖွဲ့ဖြည့်ဆည်း တည်ဆောက်ပေးထား၊ မြန်မာ့လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ရောင်ခြည်သစ်များ ပေါ်ထွန်းခဲ့ပြီ
ဇော်မိုးသောက်၏ သတင်းဆောင်းပါး စာ-၁၊ ၈၊ ၉၊ ၁၀

❖ လွတ်လပ်ရေးနေ့အဓိဋ္ဌာန်
ဘိုမျိုး (ရွှေဘို) ၏ ကဗျာ စာ-၇

❖ လွတ်လပ်တဲ့ ဒို့တိုင်းပြည်
ဇော်မင်းမင်းဦး၏ ကဗျာ စာ-၇

❖ လွတ်လပ်ရေး၏ အရသာ
ဦးဗကလေး၏ ကာတွန်း စာ-၇